ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ တနင်္လာနေ့။ Monday, 22 December 2025 ၁၂၀၃၉

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ခရိုင်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ယခုထက်ပိုမို တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်း

## ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် MSME လုပ်ငန်းများဆောင်ရွက်၍ အရည်အသွေးပြည့်မီသည့် တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ပြည်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

ယနေ့ ဖတ်စရာ

**(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပ**

စာမျက်နှာ » ၇

**ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့မှ ပြည်သူများ၊ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ဗိုလ်လောင်းများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား အနုပညာရှင်များ ဖျော်ဖြေတင်ဆက်**

စာမျက်နှာ » ၈

**အမှိုက်တစ်စမျှ မရှိစေရေး မိမိပတ်ဝန်းကျင် မိမိထိန်းပေး**

ဆောင်းပါး စာမျက်နှာ » ၁၂

# ပန်းတိုင်ရည်မှန်းချက်များပြည့်မီရေး အမှန်တကယ်အလုပ်လုပ်ဖော်ဆောင်

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်ကို အရေးပေါ်အခြေအနေအရ တာဝန်ယူဆောင်ရွက်နေစဉ်အတွင်း ဦးတည်ချက်(၄)ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" အချက်အား ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ပြည်သူတို့၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံအတွက် အရေးအကြီးဆုံးအချက်ဖြစ်သည်။ ပြည်သူများ၏ လူမှုစီးပွားဘဝများ အစဉ်အမြဲ ဖွံ့ဖြိုးတိုးတက်နေမှသာလျှင် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး သာယာဝပြောမည်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာလျှင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အရှည်တည်တံ့ပြီး ခိုင်ခိုင်မာမာလုပ်ဆောင်နိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရန်အတွက် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီရန်လိုအပ်သည်။ လက်ရှိတွင် ဒေသအများစု၌ ပန်းတိုင်ရည်မှန်းချက်ပြည့်မီရန် လိုအပ်နေသည်ကိုတွေ့ရသည်။ အမှန်တကယ် အလုပ်လုပ်ကိုင်မှု၊ သွင်းအားစု၊ ရောင်းအားစု၊ ဒေသတည်ငြိမ်အေးချမ်းမှု၊ ရာသီဥတုစသည့် အကြောင်းအမျိုးမျိုးတို့ကြောင့် ပန်းတိုင်ရည်မှန်းချက်မပြည့်မီသည်ကို တွေ့ရသည်။ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်တစ်ခုတည်းတွင် စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက် မပြည့်မီမှုကြောင့် ဒေသဝင်ငွေ ၅၀၀ ဘီလီယံကျော်ခန့် လျော့နည်းသည်ဟု သိရသည်။ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဝင်ငွေလျော့နည်းမှုမရှိတော့ဘဲ တိုးတက်ရရှိလာမည်ဖြစ်ပြီး ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝမြင့်မားလာမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂၀ ရက်နေ့က မင်းဘူးမြို့၌ ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် "လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စာရင်းဇယားကောက်ယူသူများအနေဖြင့်လည်း မှန်ကန်သည့်စာရင်းဇယားများရရှိနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဓိကအားဖြင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံး အမှန်တကယ် အလုပ်လုပ်ကြရမည်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရေးသည် အရေးပါသောအချက်ဖြစ်သည်။ ခေတ်အဆက်ဆက်တွင် လယ်ယာထွက်ကုန်ပစ္စည်းများထွက်ရှိမှု ကိန်းဂဏန်းအချက်အလက်များ ကွာခြားချက်ရှိသည်ဟု သိရသည်။ အမှန်အချက်အလက်များသိရှိမှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလေ့လာဆန်းစစ်အဖြေရှာနိုင်ပြီး တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ ထောက်ပြပြောကြားမှုအရ ပန်းတိုင်ရည်မှန်းချက်မပြည့်မီခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် နိုင်ငံ့ဝင်ငွေ မည်မျှနစ်နာသည်ကို ခန့်မှန်းကြည့်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် သက်ဆိုင်ရာဒေသအလိုက် အာဏာပိုင်များ၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တွေ့ဆုံကာ နည်းလမ်းအဖြေရှာကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။

တစ်ဧက ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိစေရေးအတွက် နိုင်ငံတော်အနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း လိုအပ်ချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မြေပြင်၌စိုက်ပျိုးရေးလုပ်ကိုင်နေသူများကို လက်တွေ့ကွင်းဆင်း၍ လိုအပ်ချက်များကို မေးမြန်းသုတေသနပြုခဲ့ကြသည်။ မင်းဘူးဒေသအနေဖြင့် သီးနှံကိုးမျိုးစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသူ၏အားနည်းချက်နှင့် ငွေကြေးအားနည်းချက်ဟု သိရှိရသည်။ ထို့ကြောင့် မြေပြုပြင်ခြင်းတွင် လိုအပ်သည့် ထွန်ယက်မှုများ လုံလောက်အောင်ပြုလုပ်ပေးခြင်း၊ ဓာတ်မြေဩဇာလိုအပ်မှုရှိပါက သဘာဝမြေဩဇာများထည့်သွင်းခြင်းကို ဆောင်ရွက်နိုင်သည်။ ထိုသို့ဖြည့်ဆည်းနိုင်ရန် နိုင်ငံတော်က စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးထားသည်။ ကောက်ကွက်ပြည့်မီရေးအတွက် စနစ်တကျအစေ့ချစိုက်ပျိုးခြင်းဖြင့် တစ်ဧကပန်းတိုင်အထွက်နှုန်းပြည့်မီရေးကို အထောက်အကူပြုမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူများ၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ်မြှင့်တင်ပေးနိုင်ရန်အတွက် ဒေသအလိုက် ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီး အမှန်တကယ်ကြိုးစားအလုပ်လုပ်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၂၁

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P)သည် ရွှေစီမံကိန်းရှိ Maintenance ဇရိယာတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC TIEN PHONG (Call Sign: 3WT09) ရေယာဉ်ဖြင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

Shwe Project Subsea System Inspection လုပ်ငန်းများ ဆောင်ရွက်မည့် ဇရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဇရိယာ-၁

| Point | Latitude | Longitude |
|---|---|---|
| A | 19° 48' 8.424" N | 92° 26' 48.768" E |
| B | 19° 49' 6.204" N | 92° 28' 18.336" E |
| C | 19° 41' 35.448" N | 92° 33' 37.692" E |
| D | 19° 40' 24.384" N | 92° 32' 19.428" E |

(ခ) ဇရိယာ-၂

| Point | Latitude | Longitude |
|---|---|---|
| C | 19° 41' 35.448" N | 92° 33' 37.692" E |
| D | 19° 40' 24.384" N | 92° 32' 19.428" E |
| E | 19° 34' 36.804" N | 92° 35' 3.408" E |
| F | 19° 35' 20.22" N | 92° 36' 44.928" E |

(ဂ) ဇရိယာ-၃

| Point | Latitude | Longitude |
|---|---|---|
| C | 19° 41' 35.448" N | 92° 33' 37.692" E |
| D | 19° 40' 24.384" N | 92° 32' 19.428" E |
| G | 19° 26' 4.344" N | 92° 35' 37.032" E |
| H | 19° 27' 37.656" N | 92° 30' 3.456" E |

ရွှေစီမံကိန်းရှိ Maintenance ဇရိယာတွင် Shwe Project Subsea System Inspection လုပ်ငန်းများအား MV. PTSC TIEN PHONG (Call Sign: 3WT09) ရေယာဉ်ဖြင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ဇရိယာအကျယ်အဝန်းများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners)အား ထုတ်ပြန်ကြေညာအပ်ပါသည်။

## ၂၁ - ၁၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| ခေတ္တ စာတည်းမှူး | - အေးဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**တိုင်းသူ ပြည်သား လူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက် ရှုံ့ရှုံ့၊ စစ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

❂ ရှေ့ဖုံးမှ

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား အသီးသီးတင်ပြ

ဦးစွာ ပြည်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ခရိုင်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ပြည်မြို့သာယာလှပရေးဆောင်ရွက်ထားရှိမှု၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်မှုရှိစေရေး ဇုန်အလိုက်သတ်မှတ်၍ မွေးမြူဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိမှု၊ ခရိုင်အတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာစေရေးဆောင်ရွက်လျက်ရှိမှု၊ မကြာမီကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်လျက်ရှိမှုနှင့် ဒေသတွင်းလမ်းပန်းဆက်သွယ်မှုပိုမိုကောင်းမွန်စေရေး နိုင်ငံတော်မှဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြည်ခရိုင်အတွင်း စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမှုနှင့် ဥယျာဉ်ခြံမြေသီးနှံများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှု၊ ဆီထွက်သီးနှံ နှမ်းအား ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်နေမှု၊ ပြည်ခရိုင်အတွင်း ဒေသဝမ်းစာဖူလုံမှုရှိစေရေးဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း စိုက်ပျိုးရေ တိုးတက်လွှမ်းခြုံဖြန့်ဝေပေးဝေနိုင်မှု၊ ပြည်ပပို့ကုန်ဈေးကွက်သစ်ရရှိရေးအတွက် ပေါ်ဆန်းမွှေးမျိုးစပါးအား စမ်းသပ်စိုက်ပျိုးလျက်ရှိမှု၊ ဆီထွက်သီးနှံများ စိုက်ပျိုးလျက်ရှိမှုနှင့် ဆီဖူလုံမှု၊ ခရိုင်အတွင်း အသား၊ ဥ၊ နို့ ထုတ်လုပ်မှု၊ စားသုံးမှုနှင့်ဖူလုံမှု၊ ငါးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ငါးထုတ်လုပ်မှုနှင့်ဖူလုံမှု၊ တိုင်းဒေသကြီးအတွင်း လိုအပ်ချက်ရှိသည့်နေရာများ၌ ပညာရေးဝန်ထမ်းများ ဖြည့်တင်းခန့်အပ်ပေးစေလိုမှုတို့နှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့မမြို့ဖများက နိုင်ငံတော်အနေဖြင့် ပြည်မြို့ကမ်းနားလမ်းတစ်လျှောက်အား အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိမှု၊ ပြည်မြို့ ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးစေလိုမှု၊ ရထားခရီးစဉ်ပြေးဆွဲမှုအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ခရိုင်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှချေးငွေများ ထပ်မံချထားပေးစေလိုမှု၊ ပြည်မြို့အတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးစေလိုမှု၊ ပြည်တွင်းဆီစက်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှချမှတ်ပေးထားသည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်၍လည်း ဈေးကွက်ဝေစုပိုမိုရရှိရေး၊ လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည့်မူဝါဒများကို ဆက်လက်လမ်းညွှန်ပေးစေလိုမှု၊ ပြည်တွင်းခရီးသွားလာမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အများသုံး သန့်စင်ခန်းများ အဆင့်မြှင့်တင်နိုင်ရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အသီးသီးတင်ပြကြသည်။

### တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်တို့က ဝန်ကြီးဌာနများအလိုက် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်တစ်ဝန်း တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုရှိစေရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိမှု၊ ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ်မှစ၍ ယခုနှစ်အထိ နှစ်အလိုက် အမှုအခင်းများဖြစ်ပွားမှုနှင့် တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်ကို တွေ့ရှိရမှု၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုမှ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်သွားရန်လိုအပ်မှု၊ မကြာမီကျင်းပပြုလုပ်သွားမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို အင်ပြည့်အားပြည့် ဆောင်ရွက်သွားနိုင်ရေးစီမံထားရှိမှု၊ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူကို ဗဟိုပြုသည့် လုံခြုံရေးစနစ်ဖြစ်သဖြင့် ပြည်သူလူထုတစ်ရပ်လုံးမှလည်း လုံခြုံရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည့် ပူးပေါင်းပါဝင်မှုများကို ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုမှု၊ သရေခေတ္တရာ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်မြေအတွင်း စနစ်တကျဖြစ်စေရေး၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေစေရေး၊ ဝန်ဆောင်မှုနှင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ မြို့ဟောင်းကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နယ်မြေ၊ ကျုံးများပြန်လည်တူးဖော်ရန် ဆောင်ရွက်လျက်ရှိမှု၊ ဆီစက်လုပ်ငန်းများမှထွက်ရှိလာသည့် ကြိတ်ဖတ်များသည် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်သဖြင့် ပြည်ပမှတိရစ္ဆာန်အစာများ တင်သွင်းနေမှုကို လျှော့ချနိုင်မှု၊ ဆီစက်လုပ်ငန်းများ အဆင့်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့်ငွေကြေးများအား နိုင်ငံတော်မှစည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးပေးလျက်ရှိမှု၊ ပြည်ဒေသတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ဆက်လက်တူးဖော်ထွက်ရှိနိုင်မှု၊ ပြည်ရေနံမြေမှ ရေနံထုတ်လုပ်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်မှုနှင့် ပြည်တောင်တန်းရေနံမြေမှ သဘာဝဓာတ်ငွေ့များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်လျက်ရှိမှု၊ ပြည်ဒေသတွင် နိုင်ငံအတွက် စွမ်းအင်အရင်းအမြစ် အဆောက်အအုံများရှိမှု၊ အခြေခံအရင်းအမြစ်များကို ထိန်းသိမ်းရန်နှင့် ကာကွယ်စောင့်ရှောက်ရန် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုမှုတို့နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီးအဆင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်သည်များအား အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်သို့ တင်ပြဆောင်ရွက်သွားရန်လိုသည်များကို ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **စာမျက်နှာ ၄ သို့** ❂

✪ စာမျက်နှာ ၃ မှ

**တင်ပြချက်များအပေါ်
ပြန်လည်ဖြည့်စွက်ဆွေးနွေးပြောကြား**

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိမိတို့စတင်တာဝန်ယူခဲ့ရသည့်အချိန်တွင် ပညာရေးဝန်ထမ်းအများစုသည် လုပ်ငန်းခွင်စွန့်ခွာမှုများကို သစ္စာမဲ့စွာဖြင့် လုပ်ဆောင်ခဲ့ကြသောကြောင့် နိုင်ငံအတွင်း ပညာရေးဝန်ထမ်းများ လိုအပ်ချက်ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ အချို့ပညာရေးဝန်ထမ်းများအနေဖြင့် ခြိမ်းခြောက်အကျပ်ကိုင်ခံရမှု၊ ဖိအားပေးခံရမှု၊ နိုင်ငံရေးဝါဒမှိုင်းရိုက်ခတ်မှုတို့ကြောင့် လုပ်ငန်းခွင်စွန့်ခွာခဲ့ရမှုများရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ထိုသို့စွန့်ခွာခဲ့ရသူများအား အခွင့်အရေးပေးသည့်အနေဖြင့် ပြန်လည်သတင်းပို့သူများကို လုပ်ငန်းခွင်စွန့်ခွာသူများစာရင်းမှ ပယ်ဖျက်ပေးခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်၍ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်စွန့်ခွာမှုများကို ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများက အများဆုံးလုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေမှု အခက်အခဲ အကျပ်အတည်းများ၊ နိုင်ငံရေးပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများ၊ ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာရေးဝန်ထမ်းလိုအပ်ချက်များ စသည်တို့ကို နည်းလမ်းမျိုးစုံဖြင့် ကျော်လွှားခဲ့ရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းကြရန်လိုပြီး နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာ သိမြင်ကြရန်လိုကြောင်း၊ တင်ပြချက်များတွင်ပါဝင်သည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် ပတ်သက်၍ နိုင်ငံတော်အနေဖြင့်လည်း အင်တိုက်အားတိုက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တာဝန်ရှိသည့် အဖွဲ့အစည်းများအပြင် ပြည်သူလူထုတစ်ရပ်လုံးမှလည်း ဝိုင်းဝန်းပါဝင်မှသာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အများသုံးသန့်စင်ခန်းများ အဆင့်မြှင့်တင်ရေးနှင့် သန့်ရှင်းမှုရှိစေရေးကြပ်မတ်ဆောင်ရွက်ပေးစေလိုမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ထမ်းများအပြင် စည်းနှင့်ကမ်းနှင့် သုံးစွဲတတ်သည့်၊ နေထိုင်သွားလာတတ်သည့် လူ့ဘောင်အဖွဲ့အစည်းနှင့် လူ့အသိုက်အဝန်းများဖြစ်ရန်လည်းလိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများ ကတည်းကပင် အခြေခံစည်းကမ်းများကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကပင်ဖြစ်ကြောင်း၊ တစ်မျိုးသားလုံးစည်းကမ်းကောင်းမွန်ရေးအတွက် အားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြမှသာလျှင် စည်းကမ်းစနစ်တကျရှိပြီး သန့်ရှင်းသာယာလှပသည့် ဒေသ၊ မြို့တော်နှင့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

**ခရီးသွားကဏ္ဍမြှင့်တင်နိုင်ရေး**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးနှင့်ပတ်သက်၍ ခရီးသွားကဏ္ဍတွင် တည်းခိုရေး၊ သယ်ယူပို့ဆောင်ရေး၊ ဝန်ဆောင်မှု၊ လက်ဆောင်ပစ္စည်းများရောင်းချခြင်း စသည့်တို့ပါဝင်နေကြောင်း၊ ပြည်တွင်းခရီးသွားလာမှုတွင် ဘုရားဖူးခရီးသွားခြင်းသည် အများဆုံးဖြစ်ကြောင်း၊ မိမိတို့ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသာယာလှပရေး၊ ဝန်ဆောင်မှုကောင်း ပေးနိုင်ရေးတို့ကို ဆောင်ရွက်ခြင်းဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်ရန်လိုကြောင်း၊ မိမိတို့ဒေသသို့ လာရောက်သူများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် ဒေသ၏အထင်ကရနေရာများ၊ ဒေသ၏သာယာလှပမှုများကို ခံစားလည်ပတ်နိုင်ရန် လိုကြောင်း၊ ထို့ကြောင့် တစ်ဦးချင်း၊ တစ်အိမ်ချင်း သန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်ဖြစ်စေရန်ဆောင်ရွက်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာရုံး၊ ဌာနအလိုက် လမ်း၊ တံတား၊ အဆောက်အအုံများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် ဒေသသာယာလှပမှုကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မြို့တွင်း ရေစီးရေလာများ ကောင်းမွန်စေရေးအတွက်လည်း အမှိုက်များကင်းစင်အောင် ဆောင်ရွက်သကဲ့သို့ ဒေသသာယာလှပရေးအတွက် မည်ကဲ့သို့ ကောင်းမွန်အောင် ဆောင်ရွက်မည်ကို စဉ်းစားတွေးခေါ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ဒေသခံများအနေဖြင့်လည်း စည်းကမ်းစနစ်တကျဖြစ်ရန်၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများအတိုင်း လိုက်နာနေထိုင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများကို လိုက်နာမှုမရှိဘဲ ကျော်လွန်လုပ်ဆောင်ခဲ့မှုများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ကန့်သတ်ချက်များဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ပြည်တွင်းလည်ပတ်သုံးစွဲငွေများ များလာခြင်း၊ Non-Trade Income များ ရရှိလာခြင်း၊ ထုတ်ကုန်ပစ္စည်းများ ရောင်းချရခြင်း၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ ပိုမိုလည်ပတ်လာစေခြင်း တို့ကိုလည်း ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ဒေသနှင့်နိုင်ငံတော်၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘောဘောကြီးစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည့်ရှုစဉ်။

☆ **တစ်မျိုးသားလုံး စည်းကမ်းကောင်းမွန်ရေးအတွက် အားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြမှသာလျှင် စည်းကမ်းစနစ်တကျရှိပြီး သန့်ရှင်းသာယာလှပသည့် ဒေသ၊ မြို့တော်နှင့် နိုင်ငံတော်ကို ပုံဖော်တည်ဆောက်နိုင်မည်**

☆ **ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှလည်း အားပေးဆောင်ရွက်လျက်ရှိ၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ခြင်းအားဖြင့် ပြည်တွင်းလည်ပတ်သုံးစွဲငွေများ များလာခြင်း၊ Non-Trade Income များ ရရှိလာခြင်း၊ ထုတ်ကုန်ပစ္စည်းများ ရောင်းချရခြင်း၊ ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ ပိုမိုလည်ပတ်လာစေခြင်း တို့ကိုလည်း ဖြစ်ပေါ်လာစေမည်**

**စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်
ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ
ကို အားပေးဆောင်ရွက်**

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေရချိန်အတွင်း ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ပြီး စီးပွားရေးအားကို မြှင့်တင်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့ ဆိုသည့်အတိုင်း ပြည်တွင်းကုန်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရန်လိုကြောင်း၊ ထုတ်ကုန်များ ထုတ်လုပ်ရာတွင်လည်း အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန်လိုပြီး ပြည်တွင်းမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးအား ကောင်းမွန်လာစေနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ခေတ်အဆက်ဆက် အစိုးရများအနေဖြင့်လည်း နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာမူဝါဒများ၊ လမ်းညွှန်ချက်များ အများအပြားချမှတ်ဆောင်ရွက်ခဲ့ကြပြီး အောင်မြင်သည်များရှိခဲ့ သကဲ့သို့ မျှော်မှန်းသည့်အတိုင်း ဖြစ်မလာခဲ့သည်များလည်းရှိကြောင်း၊ ထို့ပြင် ကျင့်သုံးဆောင်ရွက်ခဲ့သည့် နိုင်ငံရေးစနစ်များ၌ အုပ်ချုပ်ရေးအရ စီမံခန့်ခွဲမှုအားနည်းချက်များ၊ စီးပွားရေးအရပိတ်ဆို့မှုများ၊ မှောင်ခိုစီးပွားရေးစနစ် ဖြစ်ပေါ်လာမှုများ၊ သယံဇာတများ ခိုးထုတ်ခံရမှုများ၊ ရာသီဥတုဖောက်ပြန်မှုများကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းမှုများလည်း ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည်များလည်းရှိခဲ့ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ တစ်ဧကပန်းတိုင် ရည်မှန်းချက်ပြည့်မီစွာ ထွက်ရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်နေကြသူများကို မြေပြင်ကွင်းဆင်း၍ လိုအပ်ချက်များ သုတေသနပြုမေးမြန်းခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစွာဆောင်ရွက်နိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံသည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် နိုင်ငံ့စီးပွားရေးအားကောင်းလာမည် ဖြစ်သကဲ့သို့ သွင်းကုန်ပစ္စည်းများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် စက်သုံးဆီနှင့် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ် တင်သွင်းနေရခြင်းကြောင့် နိုင်ငံခြားငွေများစွာ သုံးစွဲနေရကြောင်း၊ ပြည်ခရိုင်အတွင်း စားသုံးဆီဖူလုံမှုမှာ ၅၀၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရှိရပြီး ဆီထွက်သီးနှံများကို ယခုထက်ပိုမိုတိုးတက်အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ပြည်ခရိုင်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ယခုထက်ပိုမို တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ MSME ထုတ်ကုန်များ ထုတ်လုပ်ရာတွင် ပစ္စည်းအရည်အသွေး ကောင်းမွန်အောင် ဆောင်ရွက်သကဲ့သို့ ထုပ်ပိုးမှုစနစ်များကိုလည်း အဆင့်မီစွာဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်တွင်း MSME လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်များဖြင့် ပြည်ပသွင်းကုန်များကို အစားထိုးနိုင်ရန်လိုကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုများရှိပြီး ဝါများမှတစ်ဆင့် အရည်အသွေးပြည့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် MSME လုပ်ငန်းများကို ဆောင်ရွက်၍ အရည်အသွေးပြည့်မီသည့် တန်ဖိုးမြှင့်ကုန်ချောများ ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ခရိုင်အနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး ဒေသတွင်းဖူလုံမှုမှ ပိုလျှံသည်များကို ရန်ကုန်တိုင်းဒေသကြီးသို့ တင်ပို့ရောင်းချနိုင်ကြောင်း။

စာမျက်နှာ ၅ သို့ ✪

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၁

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပြည်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား မြရောတပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေသည် အစဉ်အလာရှိသည့် နယ်မြေတစ်ခုဖြစ်ပြီး ယခင်ကတည်းက KNU သောင်းကျန်းမှုများ၊ ဗကပ သောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရကြောင်း၊ နောက်ပိုင်းတွင် နယ်မြေအခြေအနေများ ငြိမ်သက်လာခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် တပ်မတော်က နိုင်ငံတော်တာဝန် ထမ်းဆောင်ချိန်တွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက အကြမ်းဖက်မှုများ လုပ်ဆောင်လာခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ခဲ့ရကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် "အမြဲတိုက်ပွဲဝင်အသင့်" ( Fit for Fight ) ဖြစ်နေရန်လိုကြောင်း၊ ထိုသို့ အမြဲတိုက်ပွဲဝင် အသင့်ဖြစ်နေရန်အတွက် တပ်မတော်သားတစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်နေရန်လိုကြောင်း၊ ထို့ကြောင့် နေ့စဉ်ဆောင်ရွက်ရမည့် ကြံ့ခိုင်ရေးလုပ်ငန်းများကို အမြဲလေ့ကျင့်ဆောင်ရွက်နေရန် လိုကြောင်း၊ မိမိတို့အသက်အရွယ်နှင့် ကိုက်ညီပြီး ကျန်းမာကြံ့ခိုင်သည့်ခန္ဓာကိုယ်အချိုးအစားဖြစ်အောင် နေထိုင်စားသောက်ပြီး တစ်ကိုယ်ရေ ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို ဆောင်ရွက်နေရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်နေမှသာ မိမိတို့ထမ်းဆောင်ရမည့်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည် ဖြစ်ကြောင်း၊ အလားတူ သွားလာနေထိုင်မှုများတွင်လည်း **"သွားသတိ၊ လာသတိ"** ဖြင့် သွားလာနေထိုင်ကြမည်ဆိုပါက ကျရောက်လာမည့် အန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ သတိဟူသည်မှာ ပိုသည်မရှိကြောင်း။

**❖ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် "အမြဲတိုက်ပွဲဝင်အသင့်" (Fit for Fight) ဖြစ်နေရန်လို၊ အမြဲတိုက်ပွဲဝင်အသင့် ဖြစ်နေရန်အတွက် တပ်မတော်သားတစ်ဦးချင်းအနေဖြင့် ကျန်းမာကြံ့ခိုင်နေရန်လို**

**❖ နေ့စဉ်ဆောင်ရွက်ရမည့် ကြံ့ခိုင်ရေးလုပ်ငန်းများကို အမြဲလေ့ကျင့်ဆောင်ရွက်နေရန်လို၊ မိမိတို့အသက်အရွယ်နှင့်ကိုက်ညီပြီး ကျန်းမာကြံ့ခိုင်သည့် ခန္ဓာကိုယ်အချိုးအစားဖြစ်အောင် နေထိုင်စားသောက်ပြီး တစ်ကိုယ်ရေကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို ဆောင်ရွက်နေရန်လို**

**❖ ကျန်းမာကြံ့ခိုင်နေမှသာ မိမိတို့ထမ်းဆောင်ရမည့်တာဝန်များကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်**

တိုက်ပွဲဝင်ရာတွင် ရဲစွမ်းသတ္တိရှိရန်လိုကြောင်း၊ တိုက်ပွဲများတွင် ရဲစွမ်းသတ္တိရှိရှိဖြင့် သင်ကြားတတ်မြောက်ထားသည့် စစ်ပညာရပ်များကို လက်တွေ့စစ်မြေပြင်တွင် အသုံးချပြီး အောင်မြင်စွာတိုက်ခိုက်နိုင်ရန်လိုကြောင်း၊ ရဲစွမ်းသတ္တိဆိုသည်မှာ မိုက်ရူးရဲဆန်စွာ လုပ်ဆောင်ခြင်းမဟုတ်ဘဲ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ရဲကိုင်ရဲသည့်စိတ်ဓာတ်ဖြင့် သတ္တိရှိရှိလုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်း တာဝန်များကို သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်ကျွမ်းနေအောင် လေ့ကျင့်ဆောင်ရွက်နေရန်လိုကြောင်း၊ ထိရောက်သောပစ်ခတ်မှုများဖြစ်ရန်အတွက် မိမိတို့ကိုင်တွယ်အသုံးပြုရသည့် လက်နက်များ၊ အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်ရန်လိုကြောင်း။

**စာမျက်နှာ ၆ သို့** ❋

❂ **စာမျက်နှာ ၄ မှ**

**လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး**

မကြာမီရက်ပိုင်းအတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး အားလုံးက ဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုကြောင်း၊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေးနှင့် မဲမသမာမှုများမဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းတွင်ပါဝင်သူများ မဲပေးခွင့်မဆုံးရှုံးစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် မဲဆန္ဒရှင်များ၏ ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏တာဝန်ပင်ဖြစ်ကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း နိုင်ငံနှင့် ဒေသအကျိုးကို ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာဆောင်ရွက်နိုင်သူ၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးအမြင်ရှိသူ၊ နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသောအဖွဲ့အစည်းဖြစ်သည့် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လိုကြောင်း၊ သို့ဖြစ်၍ ဆန္ဒမဲများပေးရာတွင် လူရွေးချယ်မှုမှန်ကန်ရန်လိုပြီး နိုင်ငံတော်က လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ယုံကြည်ပါက မဲစာရင်းတွင် ပါဝင်သူများအားလုံး ဆန္ဒမဲပေးကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ပြည်ခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ လယ်ယာသုံးထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် သရေခေတ္တရာမြို့ဟောင်း၏ အနောက်တောင်ဘက်ရှိ ဒွတ္တဘောင်မင်းကြီး တည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် အထင်ကရစေတီတစ်ဆူဖြစ်သည့် ဘောဘောကြီးစေတီသို့ ရောက်ရှိကြရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများက စေတီတော်ကြီးအား ရှေးမူလက်ရာမပျက် ထိန်းသိမ်းထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရှေးဟောင်းအမွေအနှစ်လက်ရာများ၊ ဘုရား၊ စေတီများ၊ အဆောက်အအုံများသည် တန်ဖိုးဖြတ်၍မရနိုင်သည့် အမွေအနှစ်များဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး စနစ်တကျထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုကြောင်း၊ စေတီတော်ကြီး လုံးပတ်တော်ပေါ်၌ သစ်ပင်ငယ်များပေါက်ရောက်နေခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲရေးကို ထိခိုက်စေနိုင်မည်ဖြစ်သဖြင့် စဉ်ဆက်မပြတ် ဖယ်ရှားရှင်းလင်းသွားရန်လိုကြောင်း၊ စေတီတော်ပရိဝုဏ်နှင့်အနီးတစ်ဝိုက်တွင် ချုံနွယ်များအား ရှင်းလင်းခြင်း၊ သစ်ပင်ကြီးများအား အောက်ခြေရှင်းအလင်းဖွင့်ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့သည် စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။

ယင်းနောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညို၍ စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်မြို့ မှော်ဇာကျေးရွာအုပ်စု သရေခေတ္တရာ ပျူမြို့ဟောင်းအတွင်းရှိ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် လက်သည်းရေကန်ကျောင်းတိုက်(ခ)သုံးပန်လှကျောင်းဝင်းအတွင်းရှိ နှစ်ထပ်အုတ်တိုက်အား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ နယ်မြေခံတပ်မတော်ဆေးရုံရှိ အမျိုးသမီးကုသဆောင်တွင် တက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကား ပြောကြားစဉ်။

❋ **စာမျက်နှာ ၅ မှ**

သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရေး အမြဲလေ့ကျင့်နေရန်လိုကြောင်း၊ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့်မူဝါဒနှင့်အညီ စဉ်ဆက်မပြတ် ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ် လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်ကြောင်း၊ အမြဲတိုက်ပွဲဝင်အသင့်ဖြစ်နေစေရေး မိမိတို့ နေ့စဉ်ဆောင်ရွက်နေရသည့် သမားစဉ်လုပ်ငန်းရပ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရန် လိုကြောင်း၊ သင်ကြားပေးထားသည့် စစ်အတတ်ပညာများအား ပြန်လည်လေ့ကျင့်ခြင်းနှင့် နေ့စဉ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေခြင်းသည် အမြဲလေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် တပ်မတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိမိတို့တစ်ဦးချင်း၏ ဝင်ငွေနှင့် ထွက်ငွေကို ညီညွတ်မျှတစွာ သုံးစွဲကြရန်လိုကြောင်း၊ အရက်၊ ကွမ်း၊ ဆေးလိပ် စသည့်အသောက်အစားများနှင့် အပျော်အပါးများကို တတ်နိုင်သမျှ ရှောင်ရှားကြရန်လိုပြီး မိမိကိုယ်ကို ထိန်းသိမ်းကြရန်လိုကြောင်း၊ တပ်မတော်သားများသည် အသက်နှင့်ရင်း၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို တာဝန်ထမ်းဆောင်ကြရခြင်းဖြစ်သဖြင့် မိမိတို့၏ဘဝကို တန်ဖိုးထားကြရန်လိုကြောင်း။

လူတိုင်းသည် မိမိတို့ဘဝတိုးတက်ရေးအတွက် အမြဲဆောင်ရွက်နေကြကြောင်း၊ ကြိုးစားအားထုတ်မှုကောင်းမွန်သည့်သူများသည် ဘဝတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်ကြကြောင်း၊ ထို့ကြောင့် မိမိတို့ဘဝတိုးတက်ရေးအတွက် မိမိကိုယ်ကို စောင့်ထိန်းပြီး ကြိုးစားဆောင်ရွက်သွားကြရန်လိုကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ တပ်မတော်သားများ၏ လစာနှင့် စရိတ်များ၊ ရိက္ခာများပြည့်ပြည့်ဝဝ ရရှိစေရေး၊ အဆင့်အတန်းမီစွာဖြင့် ဝတ်စားဆင်ယင် နေထိုင်နိုင်ရေးတို့ကို တပ်မတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာရေးနှင့်ပတ်သက်၍ **"အသိပညာသည် လူကောင်းဖြစ်စေပြီး အတတ်ပညာသည် လူတော်ဖြစ်စေ"** ကြောင်း၊ **အသိပညာတိုးတက်ရန်အတွက် အတန်းပညာရှိရန် လိုကြောင်း၊ အသိပညာ၊ အတတ်ပညာ၊ အတန်းပညာမြင့်မားစေရေး ဆောင်ရွက်ရမည်ဖြစ်**ကြောင်း၊ ပညာရေးသည် လူတစ်ဦးချင်း၏ ဘဝကို မြင့်မားစေကြောင်း၊ ထို့ကြောင့် ဗဟုသုတ အတွေးအခေါ်များရရှိစေမည့် စာအုပ်စာပေများကို အမြဲလေ့လာဖတ်ရှုနေရန် လိုကြောင်း၊ အလားတူ မိမိတို့၏သားသမီးများ၏ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးသကဲ့သို့ ဗဟုသုတရရှိစေမည့် စာအုပ်စာပေများ ဖတ်ရှုစေရေးအတွက်လည်း အမြဲတိုက်တွန်း ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့၏ ဘဝထက်သာလွန်သည့် ဘဝများရရှိစေရေး မိမိတို့၏ သားသမီးများကို မြေတောင်မြှောက်ပေးကြစေလိုကြောင်း၊ တပ်မတော်သားမိသားစုဝင်များ၏ ပညာရည်မြင့်မားရေးအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ချီးမြှင့်မှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း နိုင်ငံတော်၏ပညာရည်မြင့်မားရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်း၊ တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းပင်ဖြစ်ကြောင်း၊ **တပ်မတော်သည် နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသောအဖွဲ့အစည်းဖြစ်ပြီး ပြည်သူနှင့်လက်တွဲ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားကြရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **ပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် နေထိုင်ကျင့်ကြံဆောင်ရွက်သွားကြရန်လို**ကြောင်း၊ မိမိတို့တွေ့ကြုံရသည့် အတွေ့အကြုံများကို သင်ခန်းစာယူ၍ မိမိကိုယ်ကိုသော်လည်းကောင်း၊ မိမိတို့တပ်မတော်ကိုလည်းကောင်း၊ မိမိတို့နိုင်ငံတော်အတွက်လည်းကောင်း ကောင်းမွန်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

မကြာမီကာလအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ကျင်းပပြုလုပ်တော့မည် ဖြစ်ကြောင်း၊ ဆန္ဒမဲပေးရာတွင်လည်း ဒို့တာဝန်အရေးသုံးပါးကို လေးစားလိုက်နာစောင့်ထိန်းနိုင်သူ၊ ဒေသနှင့်နိုင်ငံအကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဥပဒေပြုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သူ၊ တပ်မတော်နှင့် လက်တွဲ၍နိုင်ငံ့အကျိုးကို အမှန်တကယ်သယ်ပိုးဆောင်ရွက်နိုင်သူများကို ရွေးချယ်ဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲပြီးဆုံးချိန်တွင် ပေါ်ပေါက်လာမည့် အစိုးရအဖွဲ့အား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း အသီးသီး လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေကို တစ်ဦးချင်း လိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များကို မေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးသည်လည်း အမျိုးသမီးကုသဆောင်တွင် တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် တပ်မတော်သား မိသားစုဝင်များအား တစ်ဦးချင်း ရင်းနှီးနွေးထွေးစွာ မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- ❖ **"အသိပညာသည် လူကောင်းဖြစ်စေပြီး အတတ်ပညာသည် လူတော်ဖြစ်စေ"၊ အသိပညာတိုးတက်ရန်အတွက် အတန်းပညာရှိရန်လို**
- ❖ **အသိပညာ၊ အတတ်ပညာ၊ အတန်းပညာမြင့်မားစေရေး ဆောင်ရွက်ရမည်ဖြစ်**
- ❖ **တပ်မတော်သည် နိုင်ငံတော်တည်ရှိနေသရွေ့ တည်ရှိနေမည့် အခိုင်မာဆုံးသော အဖွဲ့အစည်းဖြစ်ပြီး ပြည်သူနှင့်လက်တွဲ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားကြရမည်ဖြစ်**
- ❖ **ပြည်သူများနှင့် တစ်သားတည်းဖြစ်အောင် နေထိုင်ကျင့်ကြံဆောင်ရွက်သွားကြရန်လို**

# (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော သာရဏီယဩဝါဒကထာ

{ ၁၃၈၇-ခုနှစ်၊ ပြာသိုလဆန်း(၃)ရက်၊၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်၊ တနင်္ဂနွေနေ့ }

(၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲသို့ ဝင်ရောက်ပြန်ဆို၊ ရေးဖြေ ဖြေဆိုတော်မူကြမည့် တိပိဋကဓရ တိပိဋကကောဝိဒလောင်းလျာ သာသနဓဇအာဇာနည်အရှင်မြတ်တို့နှင့် တကွ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်းတို့အား သာသနာတော်အတွက် ကြာရှည်လေးမြင့် အမှတ်ရသင့်သည့် သာရဏီယဩဝါဒစကားကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ကိုယ်စား မိန့်ကြားလိုပါသည်ဘုရား။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး ဖွဲ့စည်းကာ သာသနာတော်သုံးရပ် တိုးတက်သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် သံဃနာယကအဖွဲ့အဆင့်ဆင့်တို့က ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိနေကြသည်ကို အရှင်မြတ်တို့ အသီးသီးသိရှိနေကြပြီးဖြစ်ပါသည်ဘုရား။

အရှင်မြတ်တို့သည် သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ ငါးဖြာသောအား ကိုယ်မှာထားကြလျက် အာဂုံအရကျက်မှတ်၍ ပြန်ဆိုတော်မူကြသော သုံးပုံပိဋက ပရိယတ္တိသာသနာတော်သည် သုံးလောကထွတ်တင် သဗ္ဗညုဘုရားရှင်၏ သာသနာသုံးရပ်တွင် အရင်းမူလပဓာနဖြစ်ပါသည်ဘုရား။ မြတ်ဗုဒ္ဓသာသနာဆိုသည်မှာ မြတ်စွာဘုရားရှင်သည် လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားတော်မူခဲ့သည့် ပိဋကသုံးသွယ် နိကာယ်ငါးရပ် အဆုံးအမတရားတော်မြတ်များဖြစ်ကြ၍ ထိုအဆုံးအမတရားတော်များ စဉ်ဆက်မပြတ် ပြန့်ပွားစည်ပင်ရေးသည် ရဟန်းသံဃာတို့၏ တာဝန်နှစ်ရပ်တွင် ဂန္ထဓုရတာဝန်ဖြစ်ပေသည်။

မြတ်စွာဘုရားရှင်၏ အဆုံးအမတရားတော်မြတ်ဟူသော ထိုပရိယတ္တိသာသနာ ဆိတ်သုဉ်းပျောက်ကွယ်ပါက လက်တွေ့ကျင့်ကြံကြိုးစားအားထုတ်မှုဖြစ်သည့် ပဋိပတ္တိသာသနာတော်သည်လည်း ထင်ရှားဖြစ်ပေါ်လာနိုင်ခြင်းမရှိပါ၊ ပဋိပတ္တိသာသနာတော် လမ်းစမေးမှိန်သွားပါကလည်း မဂ်ဖိုလ်နိဗ္ဗာန်ကိုထိုးထွင်း၍ သိမြင်နိုင်မှု ပဋိဝေဓသာသနာတော် အကျိုးမြတ်သည်လည်း ဖြစ်ထွန်းပေါ်ပေါက်လာနိုင်မည်မဟုတ်ပေ။ မြတ်စွာဘုရားရှင်၏ သာသနာတော်သုံးရပ် သန့်ရှင်းတည်တံ့တိုးတက်ပြန့်ပွားရေးသည် ပရိယတ္တိသာသနာတော် အပေါ်အခြေခံလျက် တည်မှီနေပေသည်။

သာသနဓဇအာဇာနည်အရှင်မြတ်တို့သည် ထက်သန်သောဆန္ဒ၊ တက်ကြွသောဝီရိယ၊ ခိုင်ကြည်သောစိတ္တ၊ နက်နဲသောဝီမံသတည်းဟူသော အဓိပတိတရားလေးပါး လက်ကိုင်ထားကြလျက် သင်ယူကျက်မှတ် လေ့လာဆည်းပူးအားထုတ်အပ်သည့် ပရိယတ္တိကျမ်းဂန်များသည် လူနတ်ဗြဟ္မာသတ္တဝါအစားစား ဝေနေယျအများတို့အား မဂ်ဖိုလ်နိဗ္ဗာန်အကျိုးစီးပွားချမ်းသာ အစစ်အမှန်ကို ဧကန်ရစေနိုင်မည့် တရားတော်များဖြစ်သည့်အပြင် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး အရှည်တည်တံ့ကြောင်း အထောက်အပံ့ကောင်းပင်ဖြစ်သည်ဟု နှလုံးသွင်းဆင်ခြင်ကြ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမည်ဖြစ်ပေသည်။

အာဂုံပြန်ဆို ရေးဖြေ ဖြေဆိုတော်မူကြမည့် သာသနဓဇအာဇာနည်အရှင်မြတ်တို့သည် ထိုထိုကျမ်းမြတ် ပိဋကတ်တို့ကို နှုတ်တက်အာဂုံအရဆောင်တော်မူကြခြင်း၊ ထိုထိုကျမ်းမြတ် ပိဋကတ်တို့၏ အဖွင့်သံဝဏ္ဏနာ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ စသည့် ကျမ်းဂန်တို့ကို နှံ့စပ်အောင်လေ့လာဆည်းပူးခြင်းဖြင့် လျှို့ဝှက်ခက်ခဲနက်နဲသော ဝိနိစ္ဆယတို့ကို မြတ်စွာဘုရားရှင်၏ အလိုတော်ကျ ပြတ်ပြတ်သားသား ပိုင်းခြားချဲ့ထွင် သိမြင်တော်မူကြ၍ အနာဂတ်သာသနာတော်၏တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်နိုင်ကြမည်မှာ အမှန်ပင်ဖြစ်ပေသည်။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကတ်ကျမ်းစာများကို အာဂုံဝင်ရောက်ပြန်ဆိုတော်မူကြမည့် အရှင်မြတ်များအနေဖြင့် သူတော်ကောင်းတရားများကို နာကြားရရုံမျှမက ဓမ္မက္ခန္ဓာပေါင်းများစွာကို အာဂုံအလွတ်ရအောင် ကျက်မှတ်ကြပြီးဖြစ်သဖြင့် ငါတို့အဖို့ အလွန်ရခဲသော အခွင့်ကောင်းအခါကောင်းကို ရကြပေပြီဟု နှလုံးသွင်းကာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ အင်အား ကိုယ်မှာထား၍ ပြန်ဆိုတော်မူကြရန်ကိုလည်း တိုက်တွန်းလိုပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်းတို့ကလည်း ရခဲလှသည့် ဒုလ္လဘတရားများကို ရရှိနေသည့်အချိန်တွင် မမေ့မလျော့သော အပ္ပမာဒတရားဖြင့် မြတ်စွာဘုရားရှင်သာသနာတော်မြတ်ကြီးကို အားပေးချီးမြှောက်ထောက်ပံ့ရင်း နိဗ္ဗာန်တိုင်ရောက် အထောက်အပံ့ပြုခြား ကောင်းမှုကုသိုလ်တရားကို ပွားများအားထုတ်နိုင်ကြပါစေဟု တိုက်တွန်းအမှာ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်အပ်ပါသတည်း။

ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်

# (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**





သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ ကြီးကြပ်ရေး ဆရာတော်များ၊ စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဧည့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဥက္ကဋ္ဌဆရာတော် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မိုးကောင်းကျောင်းတိုက် ပဓာနနာယက (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) ဘဒ္ဒန္တသုဓမ္မာစာရာဘိဝံသ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက် ပဓာနနာယက ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်က “သာရဏီယဩဝါဒကထာ”ကို မိန့်ကြားတော်မူသည်။ **(သာရဏီယ ဩဝါဒကထာကို အပေါ်တွင် သီးခြားဖော်ပြထားသည်။)**

ယင်းနောက် ဒုတိယဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်များအား အလှူရှင်များက အလှူငွေကျပ် ၁၂၅၂၅၃၀၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ပါဠိကာရီတုလွတ်ကျောင်း ဆရာတော်(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ အရှင်သူမြတ်ထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော်အမှူးပြုသော သံဃာတော် ၅၅ ပါးတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် အလှူရှင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ သုံးထပ်ဆွမ်းစား ကျောင်းဆောင်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုတို့က ဆက်ကပ်လှူဒါန်းသည့် နေ့ဆွမ်းကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ပုစ္ဆကဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ စာထောက်စာမဆရာတော်များနှင့် စာပြန်သံဃာတော်များအား ဆက်ကပ်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကြောင်း သိရသည်။**သတင်းစဉ်**

# ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့မှ ပြည်သူများ၊ စစ်တက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ်တို့မှ ဗိုလ်လောင်းများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား အနုပညာရှင်များ ဖျော်ဖြေတင်ဆက်

**နောင်ချို ဒီဇင်ဘာ ၂၁**

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့်အတူ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ နောင်ချိုမြို့မှ ပြည်သူများ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား သွားရောက်ဖျော်ဖြေတင်ဆက်ကြသည်။



နံနက်ပိုင်းတွင် ကျောက်မဲမြို့မှ ထွက်ခွာပြီး နောင်ချိုမြို့မှ ၁၆ မိုင် အကွာရှိ နောင်ချိုကြီး တိမ်ပင်လယ် ရှုခင်းသာကို သွားရောက်လေ့လာကြသည်။

ထိုနောင်ချိုကြီး တိမ်ပင်လယ် ရှုခင်းသာနေရာ၌ အပန်းဖြေနေရာ ခုနစ်ခုမှ ပြည်တွင်း/ပြည်ပ ခရီးသွားများအတွက် တည်းခိုနေထိုင် အပန်းဖြေနိုင်ရန်နှင့် သန့်ရှင်းလတ်ဆတ်စွာ စားသုံးနိုင်ရန်အတွက် ပြင်ဆင်ထားရှိရာ ယခုအခါ ခရီးသွားဧည့်သည်များ ပြန်လည် ဝင်ရောက်လာနေပြီ ဖြစ်သည်။

ထို့နောက် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး တွေ့ဆုံပွဲ ကျင်းပမည့် နောင်ချိုမြို့ အားကစားရုံသို့ ရောက်ရှိကြရာ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး အနုပညာရှင်များနှင့် အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။



ယင်းနောက် ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာ အားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး တွေ့ဆုံပွဲကို ကျင်းပရာ " ရွှေ့သို့ ချီမည် ပန်းတိုင်ဆီ" video clip ကို ဖွင့်လှစ်ပြသသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာ အားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ရှမ်းမြောက်ဒေသရှိ မြို့နယ်များ ပြန်လည် ထိန်းချုပ်နိုင်အောင် သက်စွန့်ဆံဖျား ဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်သားများအား အထူးကျေးဇူးတင်ပါကြောင်း၊ တစ်ဆက်တည်းတွင် မြို့ရွာဒေသအား ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နေကြသော ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်နေကြသော ပြည်သူလူထုကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ဆက်လက်ပြီး အားတက်သရော ဝိုင်းဝန်းပူးပေါင်း ပါဝင် ဆောင်ရွက်ကြပါရန်နှင့် မကြာမီကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးတွင်လည်း နောင်ချိုမြို့နယ်အတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖော်ဆောင်ပေးနိုင်မည့်သူများကို ရွေးချယ်ပြီး ဆန္ဒပြုမဲပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ရှေ့တန်းရောက် တပ်မတော်သားများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ခေါက်ဆွဲခြောက်၊ ငါးခြောက်ကြော်၊ ငံပြာရည်ချက်၊ လက်ဖက်အကြော်စုံနှင့် ကော်ဖီထုပ်များ အပါအဝင် စားသောက်ဖွယ်ရာများ၊ နောင်ချိုတပ်နယ်နှင့် ဌာနဆိုင်ရာများအတွက် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၄၅ ဆူနှင့် MRTV DTH စလောင်းနှင့် ဆက်စပ်ပစ္စည်း အစုံ ၃၀၊ MRTV DVB – T2 Set Top Box အစုံ ၂၀ တို့ကို ပေးအပ်လှူဒါန်းရာ နောင်ချိုမြို့နယ် အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။ ယင်းနောက် နောင်ချိုတပ်နယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖျော်ဖြေတင်ဆက်ကြမည့် အနုပညာရှင်များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်ကို ဆောင်ရွက်ရာ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ၊ ပွင့်၊ ဆောင်းယွန်းစံ၊ စည်သူဝင်း၊ သရုပ်ဆောင်/တေးသံရှင် သံသာမိုးသိမ့်၊ တေးသံရှင် စစ်သွေး၊ ထက်အဥ္စလီ၊ ပိုးဖြူဖြူ၊ နွေဦးသခင်နှင့် MRTV မှ တေးသံရှင် တျားရအောင်၊ စောဒယ်နီရယ်၊ စောရက်စတာ၊ ဝမ်းကေဇင်၊ ဖူးကေရီဆောင်း၊ မြတ်ဆုချယ်၊ အင်ကြင်းနိုင်ဦး၊ မေသူမျိုး၊ လဝန်းမေ၊ ခတ္တာတို့က သီဆိုဖျော်ဖြေကြရာပရိသတ်များကလည်း ပျော်ရွှင်စွာ သီဆိုကခုန်ကာ ပါဝင်ဆင်နွှဲကြသည်။

ညနေပိုင်းတွင် ပြင်ဦးလွင်မြို့သို့ ရောက်ရှိကြပြီး စစ်တက္ကသိုလ်ရှိ အနော်ရထာခန်းမ၌ စစ်တက္ကသိုလ်နှင့် တပ်မတော် နည်းပညာတက္ကသိုလ်၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများအား ဖျော်ဖြေတင်ဆက်ပွဲ ပြုလုပ်ရာ ဦးစွာ ပြင်းထန်သည့် မြေငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည် တည်ဆောက်ကြမည့် ပိုမိုကောင်းမွန်သော အနာဂတ်နှင့် ရှေ့သို့ချီမည် ပန်းတိုင်ဆီ Video Clipများ ဖွင့်လှစ်ပြသသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြင်ဦးလွင် တပ်နယ်အတွက် MRTV DTH စလောင်းအစုံ ၁၀၀၊ MRTV DVB T–2 Set Top Box အစုံ ၁၀၀ နှင့် သုတ/ရသစာအုပ်/စာစောင်များအား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ MRTV ခေတ်ပေါ် တေးဂီတအဖွဲ့နှင့်အတူ ဝန်ထမ်းအဆိုရှင်များနှင့် နိုင်ငံကျော် အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဗိုလ်လောင်းများ၊ ပြင်ဦးလွင် တပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုများကလည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်းမှ သက်ကြီးဝန်ထမ်းဟောင်းများအား ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်းမှ သက်ကြီးဝန်ထမ်းဟောင်းများအား ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Studio–A ၌ ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်းမှ နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဂါရဝပြုခံ သက်ကြီးဝန်ထမ်းဟောင်းများ၊ အသင်းသားအသင်းသူများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ဝန်ထမ်းဟောင်းများအသင်း၏ မှတ်တမ်းဗီဒီယိုကိုပြသပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်းနာယက ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးခင်မောင်ဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ အသင်းဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး(ရန်ကုန်ရုံး) တာဝန်ခံ ဒေါ်လိန်းမောင်းပန်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ကိုယ်စား အသင်းရန်ပုံငွေအတွက် အလှူငွေကျပ် ၁၀ သိန်းကို အသင်းဥက္ကဋ္ဌထံ ပေးအပ်ပြီး အသင်းဥက္ကဋ္ဌက နိုင်ငံတော်မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူများဖြစ်ကြသည့် အသင်းနာယက ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးခင်မောင်ဌေး၊ အသင်းနာယက စည်သူဒေါ်တင်တင်မြ၊ ဒေါ်စိုးမာလာကိုယ်စား ဒေါ်လတ်လတ်မြင့်တို့အား လက်ဆောင်များပေးအပ်ကာ အသင်းနာယကများက သက်ကြီးဝန်ထမ်းဟောင်းများအား ဂါရဝပြု လက်ဆောင်များ ပေးအပ်ကြသည်။

ဂါရဝပြုပွဲသို့ မတက်ရောက်နိုင်ကြသည့် သက်ကြီးဝန်ထမ်းဟောင်းများအား အိမ်တိုင်ရာရောက် ဂါရဝပြုလက်ဆောင်များ ပေးအပ်သွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးဝင်းကြည်က အသင်းသို့ လစဉ်အလှူငွေများ လှူဒါန်းလျက်ရှိသည့် ဂုဏ်ထူးဆောင်အလှူရှင်နှင့် အလှူရှင်များအား ဂုဏ်ပြုလွှာများပေးအပ်ပြီး ဂါရဝပြုခံ သက်ကြီးဝန်ထမ်းဟောင်းများကိုယ်စား အသင်းနာယက စည်သူဒေါ်တင်တင်မြက မုဒိတာစကားပြောကြားသည်။

အဆိုပါအသင်းကို ၂၀၁၂ ခုနှစ် မတ်လတွင် ဖွဲ့စည်းခဲ့ပြီး ဝန်ထမ်းဟောင်းများ အချင်းချင်းထိတွေ့ဆုံစည်းမှုရရှိစေရန်၊ နာမကျန်းဖြစ်သည့် ဝန်ထမ်းဟောင်းများအား လူမှုရေး၊ ကျန်းမာရေးဆိုင်ရာ အကူအညီများပေးအပ်ရန်၊ အခြားလူမှုရေးဆိုင်ရာ ပရဟိတလုပ်ငန်းများ စုပေါင်းဆောင်ရွက်နိုင်ရန်နှင့် မိခင်ဌာနနှင့် အဆက်မပြတ်စေဘဲ ဌာန၏လှုပ်ရှားမှုများတွင် လိုအပ်သလို ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန် ၆ ရက် သာ လိုတော့သည်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော် မိုးညှင်းခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်နေမှုနှင့် လျှာထားမဲရုံခင်းကျင်းထားရှိမှု ကွင်းဆင်းကြည့်ရှု

မိုးညှင်း ဒီဇင်ဘာ ၂၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးခင်ဇော်သည် ယနေ့ မွန်းလွဲပိုင်းတွင် မိုးညှင်းခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး စိစစ်ဆောင်ရွက်နေမှုများနှင့် လျှာထားမဲရုံခင်းကျင်းထားရှိမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုသည်။




### တိုက်တွန်းပြောကြား

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်သည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန Mini အစည်းအဝေးခန်းမ၌ မိုးညှင်းခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ၂၀၂၅ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံကျသည့် မဲစာရင်းများပြည့်စုံမှန်ကန်မှုရှိစေရေး အလေးထား ဆောင်ရွက်ရန်၊ ရွေးကောက်ပွဲ ကျင်းပနေစဉ်ကာလ အတွင်း မဲရုံဝန်ထမ်းများအနေဖြင့် လုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်သွားရန်နှင့် မဲဆန္ဒရှင်များ စိတ်ပါဝင်စားစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ အစည်းများက အသိပေးနှိုးဆော်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ခရိုင်ရွေးကောက်ပွဲအရာရှိ ဒေါ်ပေရယ်စိုးက ၂၀၂၅ ခုနှစ်အထွေထွေရွေးကောက်ပွဲ အတွက် ခရိုင်အတွင်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင်များနှင့် ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်က လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယာယီဖွင့်လှစ်ထားရှိသည့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် မဲစာရင်းများ ပြည့်စုံမှန်ကန်စေရေး အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် နိုင်ငံရေး ပါတီများ တိုက်ဆိုင်စိစစ်ဆောင်ရွက်နေမှုနှင့် အောင်သပြေရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းနှင့် မြို့မရပ်ကွက်ရှိ အခြေခံ ပညာမူလတန်းကျောင်း(သိမ်အင်း)တို့၌ လျှာထားမဲရုံ များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တောင်ကြီးမြို့၌ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

တောင်ကြီး ဒီဇင်ဘာ ၂၁

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် (တောင်ပိုင်း) တာဝန်ခံ ဦးခင်မောင်ဦးသည် ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်မင်းဝင်း၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တောင်ကြီးခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ MEVM မဲပေးစက် ကြီးကြပ်ရေးနှင့် နည်းပညာအထောက်အကူပြုအဖွဲ့တို့မှ တာဝန်ရှိသူများ၊



တောင်ကြီးမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၅ အုပ်စုမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအား တွေ့ဆုံ၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်၌ စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် တောင်ကြီးမြို့၌ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က လက်ရှိဆောင်ရွက်လျက်ရှိသည့် ရပ်ကွက်/ ကျေးရွာတွင် ကြိုတင်မဲပေးခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲအတွက် မဲရုံ၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် MEVM မဲပေးစက်များ အသင့်ပြင်ဆင်စုဖွဲ့ သယ်ဆောင်ဖြန့်ခွဲထားရှိရေး၊ မဲရုံသုံးပစ္စည်းနှင့် မဲစာရင်းအပါအဝင် အသုံးပြုရမည့် ပုံစံစာရင်းဇယားများ စနစ်တကျပြင်ဆင်ထားရေး၊ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရေးနှင့် MEVM စက်များ၊ SDကတ်၊ BU Paper နှင့် အရန်မဲပေးစက်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရန် အသေးစိတ် ရှင်းလင်းမှာကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ တက်ရောက်လာကြသော ခရိုင်/ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ မေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည် ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)




## ပင်းတယမြို့၌ တတိယအကြိမ် မဲဆန္ဒရှင်များကြေညာကပ်ထားနိုင်ရန် စိစစ်ရေးအဖွဲ့များဖြင့် အစည်းအဝေးကျင်းပ

ပင်းတယ ဒီဇင်ဘာ ၂၁

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် မဲစာရင်းများကို ပထမအကြိမ်၊ ဒုတိယအကြိမ်တို့ဖြင့် ကြေညာထားပြီးဖြစ်ရာ တတိယအကြိမ် မဲဆန္ဒရှင်များ ကြေညာကပ်ထားနိုင်ရေး စိစစ်ရေးအဖွဲ့ဖြင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြို့နယ်ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပင်းတယမြို့ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမောင်က မိမိမြို့နယ်အနေဖြင့် မဲဆန္ဒရှင်များ ဆန္ဒမဲပေးနိုင်မည့် အမည်စာရင်းများကို တတိယအကြိမ် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် နောက်ဆုံးအကြိမ်အဖြစ် ကပ်ထားကြေညာမည် ဖြစ်ကြောင်း ပြောကြားပြီး အတွင်းရေးမှူး ဒေါ်စုစုမွန်က မဲဆန္ဒရှင်များ ထပ်နေခြင်း ရှိ/ မရှိနှင့် ပင်းတယမြို့နယ်အနေဖြင့် မဲဆန္ဒရှင်များကျန်ရှိမှု မဖြစ်စေရေး စိစစ်သွားမည်ဖြစ်ပြီး ယနေ့အစည်းအဝေးတွင် မြို့နယ် ကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးမိုးထွေး(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်းရှိ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယနေ့တွင် ပြည်ရေနံမြေအစည်းအဝေးခန်းမတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း လက်အောက်ရှိ ပြည်ရေနံမြေမှ အရာထမ်း၊ အမှုထမ်းများ၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနလက်အောက်ရှိ ပဲခူးတိုင်းဒေသကြီး ကြီးကြပ်စစ်ဆေးရေးအရာရှိရုံး၊ ပဲခူးမြို့၏ ပြည်ရုံးခွဲ၌ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ပြည်ရေနံမြေ အထွေထွေမန်နေဂျာက ပြည်ရေနံမြေ၊ မြန်အောင်-ရွှေပြည်သာရေနံမြေနှင့် ပန်းတောင်းဒေသတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးစေရေး သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်ရေနံမြေဒေသသည် အစဉ်အလာကောင်းခဲ့သည့် ရေနံမြေဟောင်းတစ်ခုဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ နှစ်မျိုးလုံးထွက်ရှိသည့် ရေနံမြေတစ်ခုဖြစ်ပါကြောင်း၊ ယခုအခါ ရေနံနှင့် သဘာဝဓာတ်ငွေ့ အထွက်တိုးစေရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

**မှာကြား**

ပြည်ရေနံမြေသည် သဘောသဘာဝအရ ထုတ်ယူသုံးစွဲချိန် ကြာမြင့်လာသည့်နှင့်အမျှ အထွက်နှုန်းကျဆင်းလာသော်လည်း နိုင်ငံတကာတွင် နည်းပညာကိုအသုံးပြု၍ ရေနံမြေဟောင်းများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ဆက်လက်ထုတ်ယူနိုင်သည်ကို တွေ့ရှိရသည့်အတွက် အတုယူအားကျပြီး ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအား ထိခိုက်



နစ်နာမှုမရှိစေရေးအတွက် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို စေတနာထားပြီး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားပြီး ဝန်ထမ်းများ၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(ချုပ်) နှစ် (၃၀) ပြည့် ဂုဏ်ပြုပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(ချုပ်) နှစ်(၃၀)ပြည့် ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်ရှိ အဆိုပါအသင်းချုပ် Function Hall ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းတို့က Video Message ပေးပို့၍ ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် နာယက



ဦးဟန်ဇော်က ဂုဏ်ပြုစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၏ နှစ်(၃၀) ကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၁၉၉၅ ခုနှစ်မှ ယနေ့အထိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ နှစ်(၃၀) ပြည့် အခမ်းအနားကျင်းပရေး အတွက် မတည်အလှူရှင်များ၊ မဂ္ဂဇင်း ဖြစ်မြောက်ရေးအတွက် အလှူရှင်များ၊ စာမူရှင်များနှင့် ပါဝင်ကူညီခဲ့သူများနှင့် မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများအတွက် စစ်ဆေးတိုင်းတာမှုလုပ်ငန်းများပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ဆက်လက်၍ အသင်းမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် စတင်ဖွဲ့စည်းစဉ်နှင့် အသင်းသက်တမ်းတစ်လျှောက် အတွေ့အကြုံများနှင့် မျက်မှောက်ကာလ အတွေ့အကြုံများကို မျှဝေဆွေးနွေးဟောပြောကြသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်သည် အင်ဂျင်နီယာလောကသားများအတွက် ၁၉၉၅ ခုနှစ်မှစတင်ခဲ့သော မြန်မာနိုင်ငံကိုယ်စားပြုအသင်းတစ်ခုဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် နှစ်(၃၀)ပြည့်မြောက်ခဲ့ပြီဖြစ်ကာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၏ "အင်ဂျင်နီယာ စွမ်းအား ပြည်ထွန်းကား" ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်တည်ဆောက်ရေး ကဏ္ဍများ၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Knowledge Sharing Program လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ အစဉ်အမြဲ ဝိုင်းဝန်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ငါးသိုင်းချောင်းမြို့၌ မဲရုံအဖြစ် အသုံးပြုမည့် အဆောက်အအုံများ မီးဘေးလုံခြုံရေးစစ်ဆေး

**ငါးသိုင်းချောင်း ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံအဖြစ် အသုံးပြုမည့် စာသင်ကျောင်းများနှင့် အဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက် လိုက်လံကွင်းဆင်းစစ်ဆေးခြင်းများကို ယနေ့နံနက် ၉ နာရီက စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ငါးသိုင်းချောင်းနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝင်းနိုင်က မီးဘေးအန္တရာယ်ပေါ်ပေါက်လာပါက အရေးပေါ်အသုံးပြုနိုင်ရန် မဲရုံများတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက်မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မီးသတ်ဆေးဘူးနှင့် မီးဘေးကာကွယ်ရေးနှင့်ပတ်သက်သောပစ္စည်းကိရိယာများ ထားသိုမှုအခြေအနေများ၊ လျှပ်စစ်မီးကြိုးသွယ်တန်းသုံးစွဲမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

# ကျောင်းပေါင်းစုံဘင်ခရာပြိုင်ပွဲ အသင်းလိုက် ပထမဆုနှင့် ကျိုင်းစွမ်းရည် ဒုတိယဆုရ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး ကျောင်းပေါင်းစုံ ဘင်ခရာပြိုင်ပွဲတွင် အသင်းလိုက် ပထမဆုနှင့် ကျိုင်းစွမ်းရည် ဒုတိယဆုရရှိခဲ့သည့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် အထက(၂)မှ ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အထက(၂) အားကစားရုံ၌ ကျင်းပ



သည်။

အခမ်းအနားသို့ အင်းစိန်ခရိုင်ပညာရေးမှူး ဦးညီထွေး၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဦးကြည်ထွန်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထက်၊ လယ်၊ မူ ကျောင်းအုပ် ဆရာကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် အသင်းလိုက် ပထမဆုရ ဘင်ခရာအဖွဲ့များအား တစ်ဦးချင်းစီ ဂုဏ်ပြုဆုများ ချီးမြှင့်ပေးကြပြီး ကျိုင်းဒုတိယဆုရရှိသည့် Grade-8 ကျောင်းသားမောင်ထွန်းသက်ဝင်းအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(ပြန်/ဆက်)**

# မှော်ဘီမြို့နယ်အတွင်းရှိ လုပ်ငန်းများအား ကြည့်ရှုစစ်ဆေး



**မှော်ဘီ ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ တင်ဒါအောင်ကုမ္ပဏီဖြစ်သော မင်းလွင်ကုမ္ပဏီမှ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ပြည်လမ်း-သန္တေပင်-ထိန်စွန်းလမ်းပေါ်ရှိ ထိန်စွန်း (ပိုက်လုံးခုံးကျော်) တံတား(9m) တည်ဆောက်ခြင်း လုပ်ငန်းကို ယမန်နေ့က တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ်(တည်ဆောက်ရေး)ဒေါက်တာထွန်းမြင့်အောင်က လုပ်ငန်းများ အရည်အသွေး ပြည့်မီစေရေး၊ အချိန်မီပြီးစီးနိုင်ရေး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ကောင်းမြတ်သူ(မှော်ဘီ)**

# အမှိုက်တစ်စမျှ မရှိစေရေး မိမိပတ်ဝန်းကျင် မိမိထိန်းပေး

ကြယ်စင်ဖေသင်

ရောဂါအထူးအဆန်းများ တစ်မျိုးပြီးတစ်မျိုးပေါ်ထွက်လာနေသော၊ တစ်နေ့တခြား စိတ်ဖိစီးမှုများ ပိုမိုများပြားလာနေသော ယနေ့ကမ္ဘာတွင် အမှိုက်ကင်းစင်၍ သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်၌ နေထိုင်လုပ်ကိုင်ရှင်သန်နိုင်ရေးသည် လူသားတို့၏ နေ့စဉ်ဘဝအတွက် အလွန်အရေးပါသည့်အကြောင်းကိစ္စဖြစ်လာနေသည်။ နေအိမ်များ၊ လမ်းများ၊ ကျေးရွာ/ရပ်ကွက်များ၊ ရုံးဌာနများ စသဖြင့် နေ့စဉ်လူအများမှီခိုနေထိုင်ရသည့်၊ ကျင်လည်လှုပ်ရှားနေရသည့်နေရာဝန်းကျင်တို့သည် သန့်သန့်ပြန့်ပြန့်၊ သပ်သပ်ရပ်ရပ်ရှိနေခြင်း၊ မျက်စိပသာဒအမြင်တွင် ရှင်းရှင်းလင်းလင်းရှိနေခြင်းတို့က ကိုယ်ခန္ဓာကျန်းမာရေးနှင့် စိတ်ခံစားမှုကောင်းမွန်ရေးတို့အတွက် များစွာအထောက်အကူပြုသည်ဟု သုတေသီများက ရှာဖွေတွေ့ရှိထားသည်။

> **နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုအနေဖြင့် အမှိုက်ကင်းစင်သော၊ သန့်ရှင်းသောပတ်ဝန်းကျင်ကို ဖန်တီးလုပ်ဆောင်နေခြင်းသည် အဆိုပါ လူ့အဖွဲ့အစည်းအတွင်းရှိ လက်ရှိလူသားများက အနာဂတ်မျိုးဆက်များကို စံနမူနာပြအဖြစ် အလေ့အကျင့်ကောင်းများ လက်ဆင့်ကမ်းပေးနေခြင်းဖြစ်သည်။ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့ဒေသ သန့်ရှင်းသာယာသပ်ရပ်မှုအတွက် စုပေါင်းလုပ်ဆောင်မှုများမှတစ်ဆင့် ဖြစ်ပေါ်လာသည့် ဒေသခံများအချင်းချင်းကြား တစ်ဦးနှင့်တစ်ဦး နားလည်မှုနှင့် စည်းလုံးညီညွတ်မှု ပိုမိုရှိလာခြင်းသည်လည်း မျိုးဆက်သစ်လူငယ်များအတွက် အမွေကောင်းများဖြစ်**

**အခြေခံကျသော အကြောင်းတရား**

ထိုသို့သန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရေးအတွက် လိုက်နာလုပ်ဆောင်ရမည့် အရေးကိစ္စများထဲတွင် မိမိတို့ပတ်ဝန်းကျင်၌ အမှိုက်တစ်စမျှမရှိစေရေးအတွက် လူတစ်ဦးတစ်ယောက်စီက တက်ညီလက်ညီ ဝိုင်းဝန်းထိန်းသိမ်းပေးရေးမှာ အခြေခံအကျဆုံးသော အကြောင်းတရားဖြစ်လာသည်။

**ထားရှိသင့်သည့်ကနဦးစိတ်ဓာတ်**

လူတစ်ဦးသည် ၎င်းနေထိုင်ရာ ပတ်ဝန်းကျင်၌ **"အမှိုက်တစ်စမျှ မရှိစေရေး"**အတွက် လိုက်နာလုပ်ဆောင်မှုသည် လူတို့၏ အကျင့်စရိုက်နှင့် လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုတို့ကိုပါ ပိုမိုကောင်းမွန်စေသော အလေ့အထကောင်းတစ်ခုဟုလည်း ဆိုနိုင်ပါသည်။ နိုင်ငံကြီးသားတစ်ယောက်အနေဖြင့် နေအိမ်၊ ရုံးဌာန၊ လမ်း စသည့် မိမိတို့နေထိုင်လုပ်ကိုင်နေသည့် ပတ်ဝန်းကျင်ကို ညစ်ပတ်ရှုပ်ပွ၊ အမြင်မတင့်တယ်ဖြစ်စေသည့် စွန့်ပစ်ပစ္စည်းများ၊ အမှိုက်သရိုက်များဖြင့် ညစ်ပေရှုပ်ပွစေရန် မပြုလုပ်ခြင်း၊ အခြားသူများကိုလည်း ထိုသို့မပြုလုပ်စေရန် စည်းရုံးပြောဆိုပေးခြင်း၊ အကယ်၍ ပတ်ဝန်းကျင်၌ အမှိုက်သရိုက်များကို တွေ့မြင်ပါက ကိုယ်တိုင်ရှင်းလင်းသိမ်းဆည်းခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများကို သတင်းပေးလုပ်ဆောင်စေခြင်းတို့ကို ပြုလုပ်ပေးရန် တာဝန်ရှိပါသည်။ တစ်နည်းဆိုရလျှင် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခုအတွင်းရှိ လူတစ်ဦးတစ်ယောက်ချင်းစီတိုင်း၏ နှလုံးသားတွင် အမှိုက်တစ်စမျှ မရှိစေရေးအတွက် မိမိတို့ပတ်ဝန်းကျင်ကို မိမိတို့ ထိန်းပေးသင့်သည်ဟူသော စိတ်ဓာတ် ကိန်းအောင်းတည်ရှိလာစေရန် ကိုယ်တိုင်အားထုတ်၍ ပြုစုပျိုးထောင်ထားရန် လိုအပ်ပါသည်။

**အမှိုက်ကင်းရှင်းသန့်စင်ရေးအတွက် ကိုယ်တိုင်ထိန်းသိမ်းခြင်း၏ အကျိုးကျေးဇူး**

မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့ဒေသ အမှိုက်ကင်းစင်၍ သန့်ရှင်းသပ်ရပ်မှုရှိစေရန် ကိုယ်တိုင်ပါဝင်ထိန်းသိမ်းခြင်း၏ အကျိုးကျေးဇူးများနှင့် ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ သဘောပေါက်နေကြပြီဖြစ်သည်။

**(၁) ရုပ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုအတွက် အထောက်အကူပြုခြင်း**

လူတစ်ဦးတစ်ယောက်သည် ၎င်း၏ ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်စေရေးအတွက် ကိုယ်တိုင်ကိုယ်ကျ ထိန်းသိမ်းလုပ်ဆောင်နေခြင်းက ရုပ်ပိုင်းဆိုင်ရာ သန့်ရှင်းမှု၊ ကျန်းမာစွာနေထိုင်မှုကို ထိန်းသိမ်းခြင်းလည်းဖြစ်သည်။ တစ်နည်းဆိုသော် ၎င်း၏ရုပ်ပိုင်းဆိုင်ရာ ကောင်းကျိုးအတွက် လုပ်ဆောင်နေခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ လူတစ်ယောက်သည် ၎င်း၏ တစ်ကိုယ်ရေသန့်ရှင်းမှု၊ အိမ်ခြံဝင်း၊ ရပ်ကွက်၊ ကျေးရွာနှင့် မြို့ရွာများကို စွန့်ပစ်ပစ္စည်းအမှိုက်များကင်းစင်၍ သန့်ရှင်းလှပအောင် ထားရှိမှုတို့ဖြင့် ကျန်းမာရေးကောင်းကျိုးများစွာ ရရှိစေနိုင်သည်။ ဥပမာ- စားကြွင်းစာကျန်များ၊ ပုပ်သိုးတတ်သော စွန့်ပစ်ပစ္စည်းများ စုပုံရာနေရာများသည် ရောဂါပိုးမွှားများ၊ ကြွက်နှင့် လူတို့၏ ကျန်းမာရေးကိုထိခိုက်စေသော ကြွက်အပါအဝင် ပိုးမွှားအမျိုးမျိုး ခိုအောင်းရာနေရာဖြစ်သဖြင့် အမှိုက်များကို စနစ်တကျစွန့်ပစ်၍ သန့်ရှင်းစွာနေထိုင်ခြင်းဖြင့် ရောဂါဘယအမျိုးမျိုးနှင့် ကူးစက်ရောဂါတို့ဖြစ်ခြင်းမှ အကာအကွယ်ရစေပါသည်။ ထို့ကြောင့် လူတစ်ဦး၏ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကောင်းမွန်မှုအတွက် အထောက်အကူပြု၊ ပံ့ပိုးပေးနိုင်သည်ဟု ဆိုခြင်းဖြစ်သည်။

**(၂) စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုအတွက် အထောက်အကူပြုခြင်း**

လေ့လာတွေ့ရှိချက်များအရ ပတ်ဝန်းကျင်အခြေအနေနှင့် စိတ်ပိုင်းဆိုင်ရာအခြေအနေတို့သည် ဆက်စပ်မှုရှိနေသည်။ အထူးသဖြင့် ပတ်ဝန်းကျင် ရှုပ်ပွနေမှု၊ မသန့်မပြန့်ဖြစ်နေမှုတို့သည် လူတစ်ယောက်၏ စိတ်ဖိစီးမှုနှင့် တိုက်ရိုက်ဆက်စပ်လျက်ရှိသည်ဟုဆိုသည်။ လူတစ်ယောက်သည် အမှိုက်ကင်းစင်သည့် သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်ကို မြင်တွေ့ရချိန်တွင် မျက်စိအမြင်သည် ဦးနှောက်ကို အလိုအလျောက် သတင်းပေးပို့ကာ ပျော်ရွှင်မှုဟော်မုန်းထွက်ရှိစေပြီး စိတ်ဖိစီးမှုဟော်မုန်းကို လျော့ကျစေသည်ဟု ကျွမ်းကျင်သူများက ထောက်ပြကြသည်။ စိတ်ဖိစီးမှု လျော့ကျလာပါက စိတ်လက်တက်ကြွမှုဖြစ်ပေါ်လာပြီး စိတ်ကြည်နူးမှုခံစားရရှိစေသည်။

ပတ်ဝန်းကျင်ကို သန့်ရှင်းအောင်လုပ်မည်ဟု ဆုံးဖြတ်ထားခြင်းသည် စိတ်ကို ထိန်းချုပ်ထားသည့် သဘောဖြစ်ပြီး ထိုသို့ထိန်းချုပ်ထားနိုင်ခြင်းသည် စိတ်တည်ငြိမ်မှုကို ရရှိလာစေနိုင်သည်။ သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်တွင် နေထိုင်ရပါက အာရုံစူးစိုက်မှုများ ပိုမိုရရှိစေပြီး စိတ်ပိုင်းဆိုင်ရာ ပင်ပန်းနွမ်းနယ်မှုကိုလည်း သက်သာလျော့ကျစေသည်။ စိတ်ကြည်နူးမှုဖြစ်စေသည်ဟုလည်း ဆိုကြသည်။ ထို့ကြောင့် အမှိုက်သရိုက်ကင်းစင်၍သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်သည် စိတ်ချမ်းသာမှု၊ စိတ်တည်ငြိမ်မှု၊ စိတ်ကြည်နူးမှု စသည်တို့ ရရှိစေသဖြင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို များစွာ အထောက်အကူပြုစေပါသည်။

**(၃) ဂုဏ်သိက္ခာရှိမှု၊ ဂုဏ်ယူမှု၊ ဂရုစိုက်တတ်မှုတို့အတွက် အထောက်အကူဖြစ်စေခြင်း**

အမှိုက်ကင်းစင်မှုသည် ရုပ်ပိုင်းဆိုင်ရာ သန့်ရှင်းမှုရှိနေသည်သာမက စိတ်ပိုင်းဆိုင်ရာ အဆင့်အတန်းမြင့်မားနေသည်ကိုပါ ဖော်ပြနေသည်ဟု ဆိုသည်။ အဆိုပါ နေရာ၊ ဒေသ၊ ဝန်းကျင်တွင် နေထိုင်သူများ၏ မြင့်မားသော ယဉ်ကျေးမှု၊ ကောင်းမွန်သော အလေ့အကျင့်၊ လူမှုရေးစံတန်ဖိုးများကို ကိုယ်စားပြုနေသဖြင့် ဂုဏ်သိက္ခာရှိမှုကိုလည်း မှန်းဆနိုင်ပါသည်။ အမှိုက်ကင်းစင်သည့်နေရာ၊ သန့်ရှင်းသောပတ်ဝန်းကျင်တွင် နေထိုင်ရသည့် လူတစ်ယောက်အနေဖြင့် မိမိတို့ဒေသကို နှစ်သက်မြတ်နိုးမှုပိုကာ မိမိတို့ကိုယ်တိုင် ဂုဏ်တင်လျက် လူမှုရေးပီတိရရှိစေသည်။ မိမိတို့ဝန်းကျင်၊ မိမိတို့ဒေသ၏ သန့်ရှင်းသပ်ရပ်မှုများနှင့် ပတ်သက်၍ လာရောက်လည်ပတ်သူများ၏ ချီးကျူးပြောဆိုမှုများအပေါ် ဂုဏ်ယူနိုင်သကဲ့သို့ မိမိနေထိုင်ရာနေရာ၊ ဝန်းကျင်၊ ဒေသအပေါ် ဂရုစိုက်ပြုမူတတ်သည့် အလေ့အထကိုပါ ပိုမိုတိုးပွားလာစေပါသည်။

**(၄) လာရောက်သူများကို ဆွဲဆောင်နိုင်ခြင်း**

နေအိမ်ဖြစ်စေ၊ ရုံးဌာနဖြစ်စေ၊ ကျေးလက်မြို့ပြဖြစ်စေ အမှိုက်ကင်းစင်၍ သန့်ရှင်းသပ်ရပ်မှုရှိပါက လာရောက်သည့် မိတ်ဆွေများ၊ ဧည့်သည်များအတွက်ပါ စိတ်လက်ကြည်လင် နှစ်သက်မှုရရှိကာ နောက်ထပ်လာရောက်လိုစိတ် ဖြစ်ပေါ်စေနိုင်သည်။ ခရီးသွားလုပ်ငန်းအလေးထားသည့် ဒေသများတွင် ခရီးသွားဧည့်သည်များကို ၎င်းတို့ဒေသသို့ နောက်ထပ် ထပ်မံလာရောက်လည်ပတ်လိုစိတ်ဆန္ဒဖြစ်လာစေရန် ၎င်းတို့ဒေသ၊ ပတ်ဝန်းကျင် အမှိုက်ကင်းစင်စေရေး၊ သန့်ရှင်းသာယာလှပစေရေးအတွက် မဟာဗျူဟာချမှတ်၍ အမြဲပြင်ဆင်လုပ်ဆောင်ထားတတ်ကြသည်။

**(၅) အနာဂတ်မျိုးဆက်များအတွက် စံနမူနာကောင်းပေးနိုင်ခြင်း**

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုအနေဖြင့် အမှိုက်ကင်းစင်သော၊ သန့်ရှင်းသော ပတ်ဝန်းကျင်ကို ဖန်တီးလုပ်ဆောင်နေခြင်းသည် အဆိုပါ လူ့အဖွဲ့အစည်းအတွင်းရှိ လက်ရှိလူသားများက အနာဂတ်မျိုးဆက်များကို စံနမူနာပြအဖြစ် အလေ့အကျင့်ကောင်းများ လက်ဆင့်ကမ်းပေးနေခြင်းဖြစ်သည်။ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့ဒေသ သန့်ရှင်းသာယာသပ်ရပ်မှုအတွက် စုပေါင်းလုပ်ဆောင်မှုများမှတစ်ဆင့် ဖြစ်ပေါ်လာသည့် ဒေသခံများအချင်းချင်းကြား တစ်ဦးနှင့်တစ်ဦး နားလည်မှုနှင့် စည်းလုံးညီညွတ်မှု ပိုမိုရှိလာခြင်းသည်လည်း မျိုးဆက်သစ်လူငယ်များအတွက် အမွေကောင်းများဖြစ်ပါသည်။

**လက်တွေ့လိုက်နာလုပ်ဆောင်သင့်သည့်အရာများ**

လူတိုင်းသည် မိမိတို့နေထိုင်ရာဝန်းကျင်တွင် အမှိုက်ကင်းစင်ရေးအတွက် **"အမှိုက်တစ်စမျှ မရှိစေရေး မိမိပတ်ဝန်းကျင် မိမိထိန်းပေး"** ဟူသော စကားကို ဆောင်ပုဒ်အဖြစ် မှတ်ယူလက်ကိုင်ပြု၍ လိုက်နာရန်လိုသကဲ့သို့ သက်ဆိုင်ရာဌာနများကလည်း အများပြည်သူတစ်ဦးချင်း လိုက်နာစေရေးအတွက် ပညာပေးအစီအစဉ်များ အကောင်အထည်ဖော်ပေးခြင်း၊ လိုအပ်သောအရာများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများကို လုပ်ဆောင်ပေးရန် လိုအပ်သည်။

**၁။ အမှိုက်ထွက်မှု နည်းပါးစေရန် ကြိုးစားလျှော့ချခြင်း**

လူတစ်ဦးတစ်ယောက်ချင်းအနေဖြင့် နေ့စဉ်နေ့တိုင်း လိုအပ်သည့်ပစ္စည်း ဝယ်ယူသည့်အခါ ကြွပ်ကြွပ်အိတ်ကဲ့သို့ တစ်ခါသုံးထည့်စရာများ သုံးစွဲမှုကို လျှော့ချ၍ ထပ်ကာတလဲလဲ သုံးစွဲနိုင်သည့် ဈေးဝယ်အိတ်များအသုံးပြုခြင်း၊ ပစ္စည်းတစ်ခုကို ဝယ်ယူအသုံးမပြုမီ အသုံးပြုပြီးပါက ထွက်ပေါ်လာမည့် စွန့်ပစ်ပစ္စည်းအခြေအနေကို မှန်းဆ၍ ရွေးချယ်ဝယ်ယူခြင်း၊ ပမာဏလျှော့ချဝယ်ယူခြင်းတို့ဖြင့် နေ့စဉ်နှင့်အမျှ ထွက်နေသည့် စွန့်ပစ်အမှိုက်ပမာဏကို အတိုင်းအတာတစ်ခုအထိ ထိရောက်စွာ လျှော့ချနိုင်ပါမည်။ သက်ဆိုင်ရာဌာနများကလည်း ဆိုရှယ်မီဒီယာအပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် စွန့်ပစ်အမှိုက် လျော့နည်းစေရေး လူထုပညာပေးအစီအစဉ်များကို စဉ်ဆက်မပြတ်လုပ်ဆောင်နေသင့်သည်။

**၂။ အလွယ်တကူ အမှိုက်စွန့်ပစ်သည့်အကျင့်ကို ပြုပြင်ပေးခြင်း**

အမှိုက်စွန့်ပစ်ရန်ရှိပါက နေရာမရွေးဘဲ (ဥပမာ လမ်းဘေး၊ လမ်းမပေါ်၊ ရေမြောင်းနှင့် အများပြည်သူအသုံးပြုသွားလာရာ၊ အသုံးပြုရာနေရာများ) အလွယ်တကူစွန့်ပစ်တတ်သည့် အကျင့်ရှိပါက သတိထား၍ မစွန့်ပစ်မိစေရန် ထိန်းခြင်း၊ အမှိုက်ပုံထားရှိရာနေရာသို့ ရောက်အောင်သွား၍ စွန့်ပစ်ခြင်း၊ အမှိုက်ပုံ/ အမှိုက်ပုံးမရှိပါက မိမိအမှိုက်ကို မိမိနှင့်တစ်ပါတည်း ယူဆောင်ကာ သတ်မှတ်ထားသည့် နေရာရောက်မှ စွန့်ပစ်ခြင်းတို့ကို ပြည်သူတစ်ဦးချင်းက အလေ့အကျင့်တစ်ခုအဖြစ် စွဲမြဲစေရန် လေ့ကျင့်မွေးမြူကြရပေမည်။

သက်ဆိုင်သည့်အဖွဲ့အစည်းများ၊ ဌာနများကလည်း အများပြည်သူတို့၏ အမှိုက်စွန့်ပစ်မှုအလေ့အထ၊ အခြေအနေတို့ကို အမြဲမပြတ်လေ့လာ၍ အထောက်အကူပြုစေမည့် အစီအစဉ်များ၊ လက်တွေ့အသုံးတည့်စေမည့် အမှိုက်ပုံးများ၊ အမှိုက်ပုံးများထားရှိမှု၊ အမှိုက်သိမ်းဆည်းရေးနည်းလမ်းအသုံးပြုမှု စသည်ဖြင့် ပိုမိုထိရောက်စေမည့် အခြေအနေအရပ်ရပ်ကို စီစဉ်ဖန်တီးပေးထားရန် လိုအပ်ပါသည်။

**၃။ အမှိုက်များကိုစနစ်တကျ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း**

အမှိုက်များကို စနစ်တကျ စွန့်ပစ်သည်ဆိုရာ၌ အမှိုက်အမျိုးအစားခွဲခြားခြင်း၊ သတ်မှတ်ထားသောနေရာတွင် စွန့်ပစ်ခြင်းတို့ ပါဝင်သည်။

စာမျက်နှာ ၁၃ သို့ ❈

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကန့်ဘလူမြို့နယ် တောက္ကရှပ်-မင်းကုန်း ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းဖွင့်

မုံရွာ ဒီဇင်ဘာ ၂၁

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် တောက္ကရှပ်-မင်းကုန်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်ဇနီး၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကန့်ဘလူခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက တောက္ကရှပ် - မင်းကုန်းကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြောကြားကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကန့်ဘလူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဒေသခံပြည်သူတစ်ဦးတို့က တောက္ကရှပ်-မင်းကုန်း ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကန့်ဘလူမြို့ အမှတ် (၅)ရပ်ကွက်ရှိ "အောင်သစ္စာ" ကွန်ကရစ်လမ်းဖွင့်ပွဲနှင့် အမှတ်(၄)ရပ်ကွက်ရှိ "မဟာဗန္ဓုလ" ကွန်ကရစ်လမ်းဖွင့်ပွဲတို့ကို တက်ရောက်အမှာစကား ပြောကြားပြီး ကွန်ကရစ်လမ်းသစ်များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဖွင့်ပွဲအခမ်းအနားများတွင် ပါဝင်ကူညီခဲ့သည့် ဒိုးပတ်အဖွဲ့နှင့် အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်ရှိ ဂါမဏိစည်သူလမ်း ကွန်ကရစ်ခင်းကျင်းပြီးစီးမှုနှင့် အမှတ်(၃)ရပ်ကွက်ရှိ မာဃလမ်းသွယ် (၅) ကွန်ကရစ်ခင်းကျင်းပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# မရမ်းကုန်းမြို့နယ်၌ ဒို့အတူတူ မဲပေးကြမယ် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်း မြို့နယ်တွင် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ် လဝက၊ မြို့နယ်စည်ပင် ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ယနေ့ နံနက်ပိုင်းတွင် ဒို့အတူတူမဲပေးကြမယ် အသိပညာပေး လက်ကမ်းစာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးသည်။



ထိုသို့ဖြန့်ဝေရာတွင် မရမ်းကုန်း မြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ဗဟိုလမ်း၊ ဦးဘဟန်လမ်းသွယ်၊ မုဒိတာအိမ်ရာ (သမိုင်း)နှင့် အမှတ်(၂) ရပ်ကွက် တပင်ရွှေထီးလမ်းမ စသည့် လူစည်ကားရာ နေရာများတွင် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တံတားဦးမြို့နယ်၌ တတိယအကြိမ်မဲစာရင်း ကပ်ထားရာတွင် မဲဆန္ဒရှင်စာရင်းများ မှန်ကန်ရေး စိစစ်ဆောင်ရွက်

တံတားဦး ဒီဇင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ တတိယအကြိမ် မဲစာရင်းကပ်ထားရာတွင် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး စိစစ်ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီတွင် တံတားဦးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ထိုသို့ ရပ်ကွက်၊ ကျေးရွာများမှ အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၏ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးဆောင်ရွက်ရာတွင် တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက တတိယအကြိမ်အဖြစ် မဲစာရင်းများ မကြေညာခင် ကာလအတွင်း မဲစာရင်းများ မှန်ကန်စေရေး၊ မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင် ပါရှိရေး၊ မပါဝင်သင့်သည့်သူများ မပါဝင်ရေးတို့ကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပခုက္ကူမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန်စေရေး တိုက်ဆိုင်စိစစ်

ပခုက္ကူ ဒီဇင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးနှင့် တတိယအကြိမ် မဲစာရင်းများ ကပ်ထား ကြေညာနိုင်ရေးတို့ အတွက် ယမန်နေ့ မွန်းလွဲ ၃ နာရီက ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရော (၁) ခန်းမ၌ ဆောင်ရွက်သည်။



**စနစ်တကျ စစ်ဆေးဆောင်ရွက်**

ထိုသို့ စိစစ်ဆောင်ရွက်ရာတွင် ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲအောင်နှင့် ဝန်ထမ်းများ၊ ခရိုင်ရွေးကောက်ပွဲ အရာရှိ ဒေါ်ချိုခိုင်ဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ စုပေါင်း၍ မြို့နယ်အတွင်းရှိ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ပြည်သူများအားလုံး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး၊ မဲဆန္ဒရှင်လူဦးရေစာရင်း ပြည့်စုံမှန်ကန်စေရေး၊ တတိယအကြိမ် မဲစာရင်း ကပ်ထား ကြေညာနိုင်ရေးတို့အတွက် စနစ်တကျစစ်ဆေးဆောင်ရွက်ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

✻ စာမျက်နှာ ၁၂ မှ

မိသားစုနေအိမ်များနှင့် ဝန်းကျင်များမှထွက်ရှိသည့် စားကြွင်းစားကျန်၊ သစ်ရွက်၊ သစ်ကိုင်းခြောက် စသည့် အမှိုက်စို၊ အမှိုက်ခြောက်များ၊ ပြန်လည်အသုံးပြုနိုင်သည့် ပလတ်စတစ်၊ စက္ကူ၊ သံဘူး စသည့် အမှိုက်များ၊ လုပ်ငန်းများမှထွက်ရှိသည့် ဘေးအန္တရာယ်ဖြစ်တတ်သော ဓာတုအမှိုက်၊ ဇီဝအမှိုက်များ စသည်ဖြင့် အမှိုက်အမျိုးမျိုးတို့၏ ပြန်လည်အသုံးပြုနိုင်မှု၊ ဘေးအန္တရာယ်ရှိမှုတို့ကို သိမြင်လျက် စနစ်တကျခွဲခြားလုပ်ဆောင်ခြင်း၊ သတ်မှတ်ထားသောနေရာတွင်သာ စွန့်ပစ်ခြင်းတို့ကို လုပ်ဆောင်ရပါမည်။

အမှိုက်များကို အမျိုးအစားခွဲခြားစွန့်ပစ်ခြင်း၊ သတ်မှတ်ထားသောနေရာများတွင် စနစ်တကျစွန့်ပစ်ခြင်းတို့သည် အမှိုက်ကင်းစင်ရေး လုပ်ငန်းတွင် အရေးကြီးသည့်အဆင့်ဖြစ်သည်။ တာဝန်ရှိသည့် ဌာနများ၊ အဖွဲ့အစည်းများကလည်း အမှိုက်များ စွန့်ပစ်နေရာများကို သင့်လျော်စွာ သတ်မှတ်ပြင်ဆင်ပေးခြင်း၊ စနစ်တကျ ခွဲခြားသိမ်းဆည်းပေးခြင်းတို့ကိုလည်း လုပ်ဆောင်ပေးရန် လိုအပ်သည်။

**၄။ လူထုပညာပေး လူထုလှုပ်ရှားမှုအသွင် အစီအစဉ်များ ဆောင်ရွက်ပေးခြင်း**

တစ်နေ့တခြား တိုးပွားလာနေသော လူဦးရေနှင့် တီထွင်ထုတ်လုပ်လာနေသော အိမ်သုံးလူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကြောင့် စွန့်ပစ်အမှိုက် ပိုမိုများပြားလာနေပြီး အမှိုက်ကိစ္စသည် ယခင်ကာလများကနှင့် မတူတော့ဘဲ လူသားအားလုံးနှင့် ကမ္ဘာမြေကြီးအတွက် ပို၍အရေးကြီးသည့်ကိစ္စဖြစ်လာသည်။ လူတစ်ဦးတစ်ယောက်နှင့်သာ သက်ဆိုင်သည့် အရေးကိစ္စမဟုတ်တော့။ လူအများနှင့်ဆိုင်သောကိစ္စ၊ ဒေသအားလုံး၊ နိုင်ငံအားလုံးနှင့်ဆိုင်သောကိစ္စ ဖြစ်လာနေတော့သည်။

စွန့်ပစ်အမှိုက်ပြဿနာ လျော့ပါးသက်သာလာစေရန် အားလုံးပူးပေါင်းပါဝင်မှသာ ထိရောက်စွာ လုပ်ဆောင်နိုင်ပါမည်။ ထို့ကြောင့် နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းမှစ၍ ကျေးရွာ/ရပ်ကွက် သန့်ရှင်းရေး၊ မြို့နယ်လုံးကျွတ်သန့်ရှင်းရေး စသည်ဖြင့် နယ်မြေဒေသအသီးသီးရှိ လူအားလုံး ပါဝင်စေလျက် လူထုလှုပ်ရှားမှုအသွင် လုပ်ဆောင်ကြရပါလိမ့်မည်။ မိသားစုအတွင်း တစ်ဦးချင်းမှစ၍ ကျေးရွာ၊ ရပ်ကွက် အဆင့်ဆင့်အားဖြင့် စွန့်ပစ်အမှိုက်နှင့် ပတ်သက်သည့် အလေ့အကျင့်များ ပျိုးထောင်ပေးခြင်း (ဥပမာ- ကလေးသူငယ်များ၊ ကျောင်းသားလူငယ်များအား အမှိုက်ကို စည်းကမ်းမဲ့ပစ်ခြင်း၊ မပစ်ခြင်းနှင့်ပတ်သက်၍ အကောင်းအဆိုးများ ဝေဖန်ပိုင်းခြားတတ်စေရန် ဟောပြောစည်းရုံးခြင်း၊ ပညာပေးဆွေးနွေးခြင်း၊ အိမ်ခြံဝင်း၊ လမ်း၊ ရပ်ကွက် စုပေါင်းသန့်ရှင်းရေးအတွက် အချိန်၊ နေ့ရက် သီးခြားသတ်မှတ်၍ စီစဉ်ပြုလုပ်ပေးခြင်း)၊ စည်းကမ်းများ ဟောပြောဆွေးနွေးခြင်း၊ ပြစ်ဒဏ်များ၊ အရေးယူမှုများကို သိရှိစေရန်၊ သိရှိစေခြင်း စသည်ဖြင့် ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်သင့်ပါသည်။

**တစ်ဦးတစ်ယောက်ချင်းစီ၏ တာဝန်**

ပတ်ဝန်းကျင်တစ်ခု၊ ဒေသတစ်ခု အမှိုက်ကင်းစင်သန့်ရှင်းရေးသည် လူတစ်ဦးတစ်ယောက်တည်း လုပ်နိုင်သည့်ကိစ္စမဟုတ်ပါ။ သို့သော် လူတစ်ဦးတစ်ယောက်ချင်းစီက တိကျစွာလိုက်နာလုပ်ဆောင်နိုင်ပါက ကိစ္စပြီးမြောက်နိုင်ပေမည်။ သို့ဖြစ်ပါ၍ မိမိတို့ပတ်ဝန်းကျင်တွင် အမှိုက်တစ်စမျှမရှိစေရေး မိမိတို့ကိုယ်တိုင် တာဝန်ယူထိန်းသိမ်းလျက် ဆောင်ရွက်နိုင်ပါစေကြောင်း နှိုးဆော်တိုက်တွန်းရေးသားလိုက်ရပါသတည်း။ ။

# တရားမဝင် ခဲသတ္တုများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင် ခဲသတ္တုတင်ယာဉ်များ၊ ရေနံစိမ်းများ၊ ကုန်ပစ္စည်းတင်ယာဉ်၊ တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ရေယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက်တွင် စစ်ကိုင်းမြို့နယ် စိန်ကုန်းရပ်ကွက် ရွှေလေးကျွန်းဓမ္မာရုံအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၉၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေ နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၇ ရက်တွင် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ အမှတ်(၁)ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးအနီး၌ ယာဉ် နှစ်စီးပေါ်မှ မသန့်စင်ရသေးသော တရားမဝင်ခဲသတ္တု ပိဿာ ၁၅၇၅၀



လိုင်စင်မဲ့မော်တော်ယာဉ် (Honda Fit Shuttle 2011 Model)

မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၀၀၀၀၀၀၀)နှင့် အဆိုပါ ခဲသတ္တုများ တင်ဆောင်လာသည့် Hyundai Bus နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း၊ ဒီဇင်ဘာ ၁ ရက်တွင် မြိတ်မြို့နယ်နှင့် ကော့သောင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၂၀၀၀၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေး မှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် သာယာဝတီမြို့နယ်အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂ ရက်နှင့် ၆ ရက်တို့တွင် မော်လမြိုင် မြို့နယ် ဈေးကြိုရပ်ကွက် မုဒုံ-မော်လမြိုင်သွားကားလမ်းအနီး၌ ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၄၈၂၀၀၀) ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ် ရွှေသံလွင် တိုးဂိတ်ဟောင်းအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၄ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၇၉၂၀၀) ကိုလည်းကောင်း၊ ပေါင်မြို့နယ် ကော့စိုင်ကျေးရွာ၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၉၅၀၀၀)ကိုလည်းကောင်း၊ ကျိုက်မရောမြို့နယ် ကော့ပနောကျေးရွာ၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်



မသန့်စင်ရသေးသော တရားမဝင် ခဲသတ္တုများ

တနင်္သာရီတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ပစ္စည်း ၁၃ မျိုး၊ စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၀၄၂၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ် ဘီးလင်းမြို့ နယ်ကြားကား လမ်းအနီး၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၃၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၃၅၆၆၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ် မိုးကောင်း ကျေးရွာအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၆၅၀၄၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ်ပေါ်တော်မူ ကျေးရွာ၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၉၆၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင် မြို့နယ် မုပွန်ရပ်ကွက်၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၅၆၄၂၀၀ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် မရမ်းကုန်းမြို့နယ် မြန်မာ့စာတိုက် လုပ်ငန်း၌ တရုတ်နိုင်ငံမှ တင်သွင်းလာသည့် ချောထုပ်တစ်ထုပ်အတွင်း မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀)ကိုလည်း ကောင်း၊ ဒီဇင်ဘာ ၉ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းရှစ်မျိုး၊ လျှပ်စစ်ပစ္စည်းငါးမျိုး၊ လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၉၈၂၈၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၄၈၂၈၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်၊ ဒီဇင်ဘာ ၁ ရက်၊ ၂ ရက်၊ ၆ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၂၈)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၁၂၆၁၂၄၈၀)ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် စစ်ကိုင်း မြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၀၀၀၀)နှင့် လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေး ရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၁၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက်တွင် မင်းဘူးမြို့နယ် အောက်ကျောင်းကျေးရွာ ရေဝတီမြစ်ကြောင်းအတွင်း၌ ရေယာဉ် တစ်စင်းပေါ်မှ တရားမဝင် ရေနှင့် ရေနံစိမ်းရောရာ ဂါလန် ၉၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၁၅၀၀၀)နှင့် အဆိုပါရေနံစိမ်းများ တင်ဆောင်လာသည့် စက်တပ်သစ်သားလှေတစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀) ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း၊ ငဖဲမြို့နယ်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၅၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက် လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် အမရပူရမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မြစ်သားမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ၁၄ စီးနှင့် လိုင်စင်မဲ့ယာဉ်လေးစီး စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၃၆၀၃၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် မော်လမြိုင် ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီးနှင့် လိုင်စင်မဲ့ ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၀ ရက်တွင် ညောင်ခါးရှည်အမြဲတမ်း စစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ် မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် San Shwe Myint Light Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၈၉၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၀၈၉၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိ သည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၃၀)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၅၈၄၀၀၀) ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၉ ရက်တွင် မြစ်ကြီးနားမြို့နယ် ရမ်ပူရပ်ကွက် နယ်မြေ(၂၃) အမှတ်(၃၃၀)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၅၄၈၈၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထား ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၀ ရက်တွင် ဖြူးမြို့နယ်အတွင်း၌ တရား မဝင် အခြားသစ် ၁ ဒသမ ၃၁၆ တန် (ခန့်မှန်းတန်ဖိုးငွေ ၄၉၄၄၅၂ ကျပ်) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၇ ရက်တွင် ဆင်ပေါင်ဝဲမြို့နယ် ကျောက်ချက်ကျေးရွာအနီး ဆိုင်းစုကျေးရွာ ဆိုင်းစုကွင်းအမှတ်(၇၀၀)၌ တရားမဝင် မြစ်ကျောက်စရစ်ထုတ်ယူသည့် လိုင်စင်ရှိ ရေယာဉ် ၁၀ စင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၁၀၀၀၀၀၀) ကို သိမ်းဆည်း ရမိခဲ့ပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၅ သို့ ❖

✥ ကျောဖုံးမှ

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင် ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် တစ်ထပ်အဆောက်အအုံခုနစ်လုံးကို စစ်ဆေးရှာဖွေနိုင်ခဲ့သဖြင့် ယနေ့အချိန်အထိ အဆောက်အအုံစုစုပေါင်း ၄၄၅ လုံးကို စစ်ဆေးရှာဖွေနိုင်ခဲ့ပြီး အဆိုပါ အဆောက်အအုံများအနက်မှ အွန်လိုင်းလောင်းကစား ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၂ လုံးအား စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ယနေ့တွင် အဆောက်အအုံလေးလုံးကို စတင်ချိတ်ပိတ်သိမ်းဆည်းခဲ့သည်။

ယင်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ထပ်မံ၍ အသုံးပြုနိုင်ခြင်း မရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေ အပိုင်း (၃)မှ အဆောက်အအုံများအား ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။




KK Park နယ်မြေအတွင်း အွန်လိုင်း လောင်းကစား ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။

✥ စာမျက်နှာ ၁၄ မှ

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၅ ရက်နှင့် ၉ ရက်တို့တွင် အမရပူရမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၅၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျိုက်မရောမြို့နယ် ကော့ပနော‌ကျေးရွာ၌ ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၂၄၉၀၀၀)ကိုလည်းကောင်း၊ ကျိုက်ထိုမြို့နယ် မုပ္ပလင်စစ်ဆေးရေးဂိတ်၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၇ မျိုး၊ စားသောက်ကုန်ပစ္စည်း ၂၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၃၅၂၈၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၄၅၀၀၀၀)ကို လည်းကောင်း၊ ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာ၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၄၉၀၀၀)ကို လည်းကောင်း၊ သထုံမြို့နယ် ကြာပန်းကျေးရွာ၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၉၅၀၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ် ကမာစိုင်ကျေးရွာ၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၄၅၅၀၀)ကိုလည်းကောင်း၊ သထုံမြို့နယ် ပေါ်တော်မူဘုရားအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၂၀၀၀)ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ် ကျောက်ရေတွင်းကျေးရွာအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၆၄၈၀၀) ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် ကြာအင်းကျေးရွာ၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) ကိုလည်းကောင်း၊ သထုံမြို့နယ် အောက်ကျင်းရပ်ကွက်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၁၀၀၀၀)ကိုလည်းကောင်း၊ ကျိုက်ထိုမြို့နယ် မလေ့ချောင်ကျေးရွာ၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၂၁၅၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ် မြေနီကုန်းရပ်ကွက်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၂၀၀၀၀)ကို လည်းကောင်း၊ ဘီးလင်းမြို့နယ် ရွှေသံလွင်တိုးဂိတ်ဟောင်းအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၂၄၀၀၀) ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ် ဒညင်းကုန်းကျေးရွာအနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၉ မျိုး၊ လျှပ်စစ်ပစ္စည်း အမျိုး ၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၃၉၆၀၀၀)ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ် ဘိုးလှကြီးရပ်ကွက်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၇၄၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၈၉၆၇၁၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်နှင့် ၉ ရက်တို့တွင် တာမွေမြို့နယ် ကျိုက္ကဆံယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးဝင်း အတွင်း၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ လှည်းကူးမြို့နယ်အတွင်း၌ တရားမဝင်အခြားသစ် ၁ ဒသမ ၇၉၇ တန် (ခန့်မှန်းတန်ဖိုးငွေ ၄၃၁၃၇၆ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်နှင့် တာမွေမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် သုံးစီးနှင့် လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၁၆၃၁၃၇၆ ကျပ်ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၁ ရက်တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း၌ ဂျပန်နိုင်ငံမှ တင်သွင်းလာသည့် ချောထုပ်တစ်ထုပ်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀)ကို လည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၆၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်သုံးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး၊ လျှပ်စစ်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၈၅၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၁၂၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃ ရက်၊ ၄ ရက်၊ ၅ ရက်၊ ၇ ရက်၊ ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၄၀၃၃၂၆၆၇၂၈ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ကျန်းမာသက်ရှည်ဖို့ ပုံမှန်လမ်းလျှောက်ကြပါစို့

**ဝင်းဇင် (သုတေသန)**



လူတိုင်းသည် သက်ရှည်ကျန်းမာလိုကြသည်။ "အာရောဂျံ ပရမံလာဘံ" ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးပင်ဖြစ်သည်။ လူတို့သည် ကျန်းမာရေးတန်ဖိုးကို မကျန်းမာသည့်အချိန်မှသာ သိရှိကြသည်။ လူတစ်ဦးသည် ငွေကြေးခနပြည့်စုံနေသော်လည်း ကျန်းမာရေး ချို့ယွင်းနေမည်ဆိုလျှင် ဘဝသည် အဓိပ္ပာယ်မဲ့နေတတ်သည်။ လူတိုင်းသည် ကျန်းမာကြံ့ခိုင်ပြီး သက်တမ်းစေ့နေထိုင်လိုကြသည်။ သို့သော် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်လေ့မရှိဘဲ စိတ်အလိုလိုက်ပြီး စားသောက်နေထိုင်တတ်ကြသည်။ ရလဒ်အနေဖြင့် ကျန်းမာရေးချူချာလာကာ လူ့ဘဝကြီးမှ အချိန်မတိုင်မီ ထွက်ခွာသွားကြရသည်။

**ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲများ**

နိုင်ငံတစ်ဝန်းတွင် အပတ်စဉ် စနေနေ့တိုင်း ဒီဇင်ဘာလလူထုစုပေါင်းလမ်းလျှောက်ပွဲများ ပြုလုပ်လျက်ရှိသည်။ ယခုနှစ် ဒီဇင်ဘာလအတွင်း စုပေါင်းလမ်းလျှောက်ပွဲ လေးကြိမ် ပြုလုပ်သွားမည်ဖြစ်သည်။ လူတိုင်း နေ့စဉ် မိနစ် ၃၀ ခန့် လမ်းလျှောက်ဖြစ်အောင် ကြိုးစားကြည့်စေချင်ပါသည်။ တချို့သောသူများသည် လမ်းလျှောက်ခြင်းကို ဆောင်းရာသီရောက်ရှိမှသာ ပြုလုပ်ရသည်ဟု ယူဆထားကြသည်။ အမှန်စင်စစ်မှာမူ လူတစ်ဦးသည် ကျန်းမာပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်ရေးအတွက် နွေ၊ မိုး၊ ဆောင်း သုံးရာသီပတ်လုံး ပုံမှန်လမ်းလျှောက်သင့်ပါသည်။ စင်စစ်အားဖြင့် လူတစ်ဦးသည် ကိုယ်၊ စိတ်နှစ်ဖြာ ကျန်းမာချမ်းသာနေမှသာလျှင် ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

အထူးသဖြင့် ကိုယ်လက်လှုပ်ရှားမှုနည်းသော မြို့ပြနေရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် အသက် ၃၀ ကျော်လာသူများသည် နေ့စဉ် လမ်းလျှောက်သည့် လေ့ကျင့်ခန်းပုံမှန်လုပ်သင့်သည်။ နေ့စဉ် လုပ်ငန်းတာဝန်များကို စိတ်ဓာတ်တက်ကြွစွာဖြင့် စွမ်းအားပြည့် ထမ်းဆောင်နိုင်ရန်အတွက် စိတ်နှလုံးရွှင်လန်းချမ်းမြေ့မှုရှိနေရန် လိုအပ်ပေသည်။ စိတ်ရွှင်လန်းတက်ကြွနေစေရန်အတွက် နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုတစ်ခုခု ပြုလုပ်ရန်လိုအပ်ပါသည်။ ထိုသို့ ကိုယ်လက်လှုပ်ရှားမှုအတွက် ငွေကြေးကုန်ကျမှုမရှိသည့် ရိုးရှင်းသော အားကစားနည်းမှာ လမ်းလျှောက်ခြင်းပင်ဖြစ်သည်။

လမ်းလျှောက်ခြင်းသည် လွတ်လပ်ပေါ့ပါးပြီး လုပ်ဆောင်ရလွယ်ကူသည့်အပြင် ဘေးထွက်ဆိုးကျိုးလည်းမရှိသည့် ကျန်းမာရေးကို အထောက်အကူပြုသော လေ့ကျင့်ခန်းပုံစံပင်ဖြစ်သည်။ ထို့ပြင် လမ်းလျှောက်ခြင်းသည် လွတ်လပ်လွယ်ကူစွာ ဆောင်ရွက်နိုင်သဖြင့် အသက်အရွယ်မရွေး လုပ်ဆောင်နိုင်သည့် လေ့ကျင့်ခန်းလည်းဖြစ်သည်။

**အကျိုးကျေးဇူးများစွာ**

**နှလုံးအားကောင်းစေခြင်း။** ပုံမှန်လမ်းလျှောက်ခြင်းသည် နှလုံးရောဂါနှင့် လေသင်တုန်းဖြတ်ရောဂါ ဖြစ်ပွားနိုင်မှုအလားအလာကို လျှော့ချနိုင်ခြင်း၊ သွေးကြောများ ကြွပ်ဆတ်မာကြောမှုဖြစ်ပေါ်စေနိုင်သည့် သွေးထဲရှိ ကိုလက်စထရောများကို လျှော့ချစေနိုင်ခြင်း၊ ထို့ပြင် နှလုံးခုန်နှုန်းပုံမှန်ဖြစ်လာစေခြင်း၊ သွေးလည်ပတ်မှုစနစ်များအား ပုံမှန်အလုပ်လုပ်စေသည့် သွေးများထုတ်လွှတ်ပေးခြင်း၊ မိနစ် ၃၀ ခန့် ခပ်သွက်သွက်လမ်းလျှောက်ခြင်းဖြင့် သွေးတိုးရောဂါ ဖြစ်ပွားမှုကို ကာကွယ်နိုင်ခြင်းနှင့် လေဖြတ်နိုင်မှုအလားအလာကို ၂၇ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်သည်ဟု ဆေးပညာရှင်များက ဆိုထားပါသည်။

**အထွေထွေရောဂါဖြစ်ပွားမှုလျှော့ချနိုင်ခြင်း။** လမ်းလျှောက်ခြင်းသည် နှလုံးရောဂါကို ကာကွယ်နိုင်သည့်အပြင် ဆီးချိုရောဂါ၊ ပန်းနာရင်ကျပ်ရောဂါနှင့် တချို့သော ကင်ဆာရောဂါများဖြစ်ပွားလာနိုင်မှုကိုပင် လျှော့ချနိုင်ခြင်း၊ ဆီးချိုရောဂါကုသရာတွင် အထောက်အကူဖြစ်ခြင်း၊ ပုံမှန်လမ်းလျှောက်လျှင် ရောဂါဖြစ်ပွားမှု ၆၀ ရာခိုင်နှုန်းအထိ လျော့ကျစေနိုင်သည့်အပြင် အူမကြီး၊ ရင်သားနှင့် ဝမ်းဗိုက်တို့တွင် ကင်ဆာရောဂါဖြစ်ပွားနိုင်မှု အလားအလာကိုပင် ၂၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပါသည်။

**ကိုယ်ခန္ဓာအလေးချိန်ထိန်းထားနိုင်ခြင်း။** ခန္ဓာကိုယ်အလေးချိန်လျှော့ချနိုင်ရန်အတွက် နေ့စဉ် စားသုံးထားသည့် ကယ်လိုရီများ လောင်ကျွမ်းကုန်ဆုံးသွားရန် လိုအပ်ပါသည်။ ကယ်လိုရီများ လောင်ကျွမ်းကုန်ဆုံးရန် ရိုးရှင်းလွယ်ကူသည့် နည်းလမ်းသည် နေ့စဉ် ခပ်မြန်မြန်လမ်းလျှောက်ခြင်းဖြစ်သည်။ လမ်းလျှောက်ခြင်းသည် ကြွက်သားများကို တောင့်တင်းသန်မာလာစေပြီး အစာခြေဖျက်မှု၊ စွန့်ထုတ်မှု စသည့်ဇီဝဖြစ်စဉ်များ ပိုမိုလျင်မြန်လာစေသဖြင့် အနားယူနေသည့်တိုင်အောင် ကယ်လိုရီများကို လောင်ကျွမ်းစေနိုင်ပါသည်။ ထို့ကြောင့် ကိုယ်ခန္ဓာအလေးချိန်ကို ထိန်းထားနိုင်ပေသည်။

**သူငယ်ပြန်ရောဂါကာကွယ်နိုင်ခြင်း။** အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အို ၁၄ ဦးတွင် တစ်ဦးခန့်နှင့် အသက် ၈၀ အထက် ခြောက်ဦးတွင် တစ်ဦးခန့်သည် သူငယ်ပြန်ရောဂါခံစားရလေ့ရှိသည်ဟု ဆိုပါသည်။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုရှိသူများသည် ဦးနှောက်လုပ်ငန်းစဉ်အပေါ် ဆိုးကျိုးသက်ရောက်မှုများအား ကာကွယ်ပေးနိုင်သည့်အပြင် သူငယ်ပြန်ရောဂါဖြစ်ပွားနိုင်မှုကို ၄၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခြင်းနှင့် ရက်သတ္တပတ်လျှင် ခြောက်မိုင် သို့မဟုတ် ထို့ထက်ပို၍ လမ်းလျှောက်သည့် သယ်ကြီးရွယ်အိုတစ်ဦးသည် ဦးနှောက်ကျုံ့လာခြင်းကို ရှောင်ရှားနိုင်သဖြင့် မှတ်ဉာဏ်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းထားနိုင်ပါသည်။

**အရိုးပွရောဂါကာကွယ်နိုင်ခြင်း။** လမ်းလျှောက်ခြင်းသည် အရိုးများက ကိုယ်ခန္ဓာအလေးချိန်အား သယ်ဆောင်သည့်လှုပ်ရှားမှု လေ့ကျင့်ခန်းတစ်ရပ်လည်းဖြစ်နေသောကြောင့် ကျောရိုးများကို သန်မာတောင့်တင်းစေခြင်း၊ အထူးသဖြင့် အမျိုးသမီးများကို ပိုမိုအကျိုးပြုခြင်းနှင့် ကိုယ်ခန္ဓာအရိုး၊ အဆစ်များ သန်မာစေနိုင်သောကြောင့် အဆစ်ရောင်နာရောဂါမျိုးကို ကာကွယ်ပေးနိုင်ပါသည်။

**ကိုယ်ခံစွမ်းအားတိုးမြှင့်ပေးနိုင်ခြင်း။** ခပ်သွက်သွက်လမ်းလျှောက်ခြင်းသည် သဘာဝမှ စွမ်းအင်ထုတ်လုပ်နိုင်သည့် နည်းလမ်းများအနက် အကောင်းဆုံးသောနည်းလမ်းပင်ဖြစ်သည်။ ထိုသို့ ခပ်သွက်သွက် လမ်းလျှောက်ခြင်းသည် သွေးလည်ပတ်မှုမြန်ဆန်လာပြီး ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်အသီးသီးကို အောက်ဆီဂျင်အပြည့်အဝ ထောက်ပံ့ပေးနိုင်သဖြင့် ပိုမိုတက်ကြွလန်းဆန်းလာစေပါသည်။ ထို့ပြင် တောင့်တင်းနေသော အရိုး၊ အဆစ်များနှင့် ကြွက်သားများ ပြေလျော့လာသောကြောင့် နှေးကွေးထိုင်းမှိုင်းမှုခံစားချက်များကို လျော့ကျစေနိုင်သည်။

**ခြေထောက်များ၏လှုပ်ရှားမှုဟန်ချက်ထိန်းနိုင်ခြင်း။** နည်းစနစ်မှန်ကန်စွာလမ်းလျှောက်ခြင်းသည် ခြေထောက်များ ကြံ့ခိုင်သန်မာလာပြီး ခြေသလုံးကြွက်သားများ၊ တံကောက်ကြောများကို သန်မာစေနိုင်ခြင်း၊ အထူးသဖြင့် တောင်တက်သည့်အခါ တင်ပါးဆုံကြွက်သားများကို မြှင့်တင်ပေးနိုင်ခြင်းနှင့် လမ်းလျှောက်သည့်အနေအထားကို စနစ်တကျ အာရုံစိုက်ပြီး လေ့ကျင့်သွားမည်ဆိုလျှင် ခန္ဓာကိုယ် ကျစ်လျစ်သွယ်လျစေနိုင်ပါသည်။

**လက်မောင်းများတောင့်တင်းသန်မာလာခြင်း။** လမ်းလျှောက်မှုအရှိန်ကို လက်မောင်းများမှတစ်ဆင့် မြှင့်တင်ပေးနိုင်သည်။ လမ်းလျှောက်စဉ် လက်မောင်းနှစ်ဖက်ကို သက်သောင့်သက်သာထားပြီး တံတောင်ဆစ်မှ ကွေးညွှတ်လျက် ရှေ့ / နောက်အပြည့်လွှဲရမ်းပေးမည်ဆိုလျှင် အလိုအလျောက်မြန်လာမည်ဖြစ်သည်။ ဤကဲ့သို့ ဟန်ချက်ညီညီ လမ်းလျှောက်မှုသည် လက်မောင်းများ၊ ပခုံးများနှင့် နောက်ပိုင်းကျောရိုးများကို တောင့်တင်းသန်မာလာစေနိုင်သည်။

**ဗီတာမင်ဒီသိုလှောင်နိုင်မှုမြှင့်တင်ပေးနိုင်ခြင်း။** နေရောင်ခြည်အောက်တွင် လမ်းလျှောက်ပါက ကိုယ်ခန္ဓာအတွင်း ဗီတာမင်ဒီ သိုလှောင်နိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။ ဗီတာမင်ဒီကို အစားအသောက်မှရရှိရန်ခက်ခဲသော်လည်း နေရောင်ခြည်နှင့်ထိတွေ့ပါက ပေါင်းစပ်ထုတ်ယူနိုင်သည်။ ဗီတာမင်ဒီသည် ကျောရိုးမကြီးကို ကြံ့ခိုင်သန်မာစေသည့်အပြင် ကိုယ်ခန္ဓာခုခံအားအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် အာဟာရဓာတ်တစ်မျိုးလည်းဖြစ်သည်။ အနည်းငယ် နေပူဆာလှုံပေးခြင်းသည် လုံလောက်သော ဗီတာမင်ဒီ ထုတ်လုပ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေနိုင်သည်ဟု ဆေးဘက်ပညာရှင်များက အကြံပြုထားသည်။

**စိတ်ဖိစီးမှုများနှင့် စိုးရိမ်ပူပန်မှုတို့ကို လျှော့ချပေးနိုင်**

ကိုယ်လက်လှုပ်ရှားခြင်းသည် တွေးခေါ်မြော်မြင်နိုင်စွမ်းကို တိုးတက်အောင် ဆောင်ရွက်နိုင်သည်။ ခပ်သွက်သွက်လမ်းလျှောက်သည့် လေ့ကျင့်ခန်းအား ပုံမှန်ပြုလုပ်ခြင်းသည် စိတ်အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်းကဲ့သို့သော ညှိုးနွမ်းထိုင်းမှိုင်းနေမှုများကို ကာကွယ်ရာတွင် ထိရောက်သည့်နည်းလမ်းတစ်ခုပင် ဖြစ်သည်။ တက်ကြွသည့် ကိုယ်လက်လှုပ်ရှားမှုသည် သွေးကြောများအတွင်းသို့ ကောင်းမွန်သော စိတ်ခံစားချက်များ ထုတ်လွှတ်ပေးသဖြင့် စိတ်ဖိစီးမှုနှင့် စိုးရိမ်ပူပန်မှုတို့ကို လျှော့ချပေးနိုင်သည်။

လူမှုရေးလုပ်ငန်းများနှင့် ပရဟိတလုပ်ငန်းများကို မကြာခဏ လုပ်ဆောင်သင့်ပြီး စုပေါင်းလမ်းလျှောက်ခြင်း သို့မဟုတ် မိတ်ဆွေ သူငယ်ချင်းများနှင့်တွေ့ဆုံပြီး ရေးဟောင်းနှောင်းဖြစ်များ ပြောဆိုခြင်းသည် အထီးကျန်ဆန်မှုနှင့် အဖော်မဲ့မှုခံစားချက်များကို ဖယ်ရှားပစ်နိုင်သည့် အကောင်းဆုံးသောနည်းလမ်းပင်ဖြစ်သည်။ စိတ်ရောဂါခံစားနေရသူများကိုပင်လျှင် ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ပေးခြင်းဖြင့် စိတ်ဓာတ်မြှင့်တင်ပေးနိုင်သည်။

စာမျက်နှာ ၁၇ သို့ ☆

**လူသားတို့သည် နေ့စဉ် စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသည်။ ထိုသို့ ရုန်းကန်နေကြရသဖြင့် တစ်ကိုယ်ရေကျန်းမာရေးကို မေ့လျော့လာတတ်ကြသည်။ အကျိုးဆက်အနေဖြင့် သွေးတိုး၊ ဆီးချို၊ နှလုံး၊ လေးဖက်နာ၊ အသည်းအဆီဖုံး စသည့်ရောဂါ တစ်မျိုးမျိုးဖြစ်လာတတ်သည်။ ထို့ကြောင့် ကျန်းမာကြံ့ခိုင်ပြီး သက်တမ်းစေ့နေနိုင်ရန်အတွက် နေ့စဉ် အနည်းဆုံး မိနစ် ၃၀ ခန့်မျှ လမ်းလျှောက်သင့်**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ(တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ




**နေပြည်တော် ဒီဇင်ဘာ ၂၁**

လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်သော အထိရောက်ဆုံး လေ့ကျင့်ခန်းတစ်မျိုးဖြစ်သည့်အတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်၍ အများပြည်သူ စုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်း ကျင်းပလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌လည်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ(တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို ဘားအံတပ်နယ် စုပေါင်းတန်းစီကွင်း၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ် စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို မန္တလေး နန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးအနီး၌ လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့၌ လည်းကောင်း ကျင်းပကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ဌာနများ၏ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြောက်ဥက္ကလာပမြို့နယ်၌ အမျိုးသား အမျိုးသမီး မာရသွန်အပြေးပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ



**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက ကြီးမှူး၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ အထိမ်းအမှတ် အမျိုးသား အမျိုးသမီး အသက် ၁၈ နှစ်အောက် မာရသွန်အပြေးပြိုင်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့စုရပ်မှ စတင်ပြုလုပ်ခဲ့သည်။

ဦးစွာ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက နေရာယူကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူက ဝီစီမှုတ် တာလွှတ်ပေးပြီး ခေမာသီလမ်းမကြီးမှ သုဓမ္မာလမ်းမကြီး၊ ထို့မှတစ်ဆင့် ကန်သာယာလမ်းဆုံမှတစ်ဆင့် ခေမာသီလမ်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ပြန်လည်ပန်းဝင်ခဲ့ကြသည်။

ထို့နောက် မာရသွန်အပြေးပြိုင်ပွဲဆုပေးပွဲကိုကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူက အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ အထိမ်းအမှတ် ၅ ကီလိုမီတာ အမျိုးသား အမျိုးသမီး အသက် ၁၈ နှစ်အောက် မာရသွန်အပြေးပြိုင်ပွဲ ဆုပေးပွဲကိုပြုလုပ်ရာ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသော ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ဆုပေးပွဲတွင် ပထမဆု ကျပ် သုံးသိန်း၊ ဒုတိယဆု ကျပ်နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုများ ပေးအပ်ချီးမြှင့်ကြပြီး စုစုပေါင်း ပြိုင်ပွဲဝင် ၃၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**



# ဒဂုံတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်က အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဒဂုံတက္ကသိုလ်ကျောင်းသား ကျောင်းသူများက ပညာ့ရိပ်မြုံ ဒဂုံတက္ကသိုလ်သီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒဂုံတက္ကသိုလ်သမိုင်းပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာ ဖြူစုအောင်က ဝိဇ္ဇာဘာသာရပ်များကို မိတ်ဆက်ပြီး ရူပဗေဒ ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဦးဝင်းက သိပ္ပံပညာရပ်များကို မိတ်ဆက်သည်။ ယင်းနောက်သင်တန်းရေးရာဌာနမှူး ဦးသန်းစိုးဦးက သင်တန်းရေးရာကိစ္စများကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ဒဂုံတက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ Table Show နှင့် Poster များ ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဖွဲ့မင်းထက်(ပြန်/ဆက်)**

# ဘားအံတက္ကသိုလ်၌ ဆောင်းရာသီ ဘော်လီဘောအားကစားပြိုင်ပွဲ ကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၁**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား/အမျိုးသမီး ဆောင်းရာသီ ဘော်လီဘော ပြိုင်ပွဲကို ဘားအံတက္ကသိုလ် အားကစားခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ဘားအံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ စိုးစိုးအေးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ အဆိုပါပြိုင်ပွဲတွင် ဘာသာရပ်ပေါင်းစုံ အမျိုးသား/အမျိုးသမီးအဖွဲ့ ၁၀ ဖွဲ့ အားကစားသမား ၁၀၀ ဖြင့် ဒီဇင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



☆ စာမျက်နှာ ၁၆ မှ

နေအိမ်ပြင်ပတွင် ကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်ပြီး အစိမ်းရောင်ရှုခင်းများကို ကြည့်ရှုခံစားခြင်းသည်လည်း သက်ရှည်ကျန်းမာမှုအတွက် အကြီးမားဆုံးသော အကျိုးကျေးဇူးများ ရရှိစေနိုင်သည်။

လူသားတို့သည် နေ့စဉ် စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသည်။ ထိုသို့ ရုန်းကန်နေကြရသဖြင့် တစ်ကိုယ်ရေကျန်းမာရေးကို မေ့လျော့လာတတ်ကြသည်။ အကျိုးဆက်အနေဖြင့် သွေးတိုး၊ ဆီးချို၊ နှလုံး၊ လေးဖက်နာ၊ အသည်းအဆီဖုံး စသည့်ရောဂါတစ်မျိုးမျိုးဖြစ်လာတတ်သည်။ ထို့ကြောင့် ကျန်းမာကြံ့ခိုင်ပြီး သက်တမ်းစေ့နေနိုင်ရန်အတွက် နေ့စဉ် အနည်းဆုံး မိနစ် ၃၀ ခန့်မျှ လမ်းလျှောက်သင့်သည်။ ကျန်းမာခြင်းသည် လူတိုင်းအတွက် လာဘ်ကြီးတစ်ပါးပင်ဖြစ်သည်။ ကျန်းမာနေသူတစ်ဦးသည် စိတ်သွားတိုင်းကိုယ်ပါကြသည်။ ကိုယ်လက်လှုပ်ရှားအားကစား လုပ်ဆောင်မှုနည်းပါးပြီး အထိုင်များခြင်းကြောင့် ရောဂါတစ်မျိုးမျိုးခံစားနေရသူတစ်ဦးသည် လူဖြစ်ရှုံးပြီး လူ့လောကကြီးမှ အချိန်မတိုင်မီ ထွက်ခွာသွားရမည်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာသက်ရှည်ပြီး မိသားစုများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် နေ့စဉ် ပုံမှန်လမ်းလျှောက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား**

(1) https://www.healthline.com/health/exercise-fitness/benefits-of-walking

(2) https://www.arthritis.org/health-wellness/healthy-living/physical activity/walking/ 12-benefits-of-walking

# မြောင်းမြမြို့၌ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၏ ဒုတိယအကြိမ် သူနာပြု သားဖွားဒီပလိုမာအပ်နှင်းခြင်းအခမ်းအနား ကျင်းပ

ပုသိမ် ဒီဇင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၏ ဒုတိယအကြိမ် သူနာပြု သားဖွားဒီပလိုမာအပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းတွင် ကျင်းပရာအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ ပုသိမ်၊ ဟသ်ာတ၊ မြောင်းမြသူနာပြုသင်တန်းကျောင်း သုံးကျောင်း၌ တိုင်းဒေသကြီး၏ ကျန်းမာရေးကဏ္ဍအတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ ကျေးလက်နေလူဦးရေလည်း များပြားကြောင်း၊ သူနာပြု သားဖွားဒီပလိုမာရရှိခဲ့သည့် သင်တန်းသား သင်တန်းသူများသည် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးမည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးသည် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍတွင် မိမိတို့၏ ဝါသနာကိုအရင်းခံ၍ တက်ရောက်လျှောက်ထားသူများပြားကြောင်း၊ မြောင်းမြသူနာပြုသင်တန်းကျောင်းမှ ၂၀၂၄ ခုနှစ်တွင် သူနာပြု သင်တန်းသား သင်တန်းသူ ၆၉ ဦး၊ ၂၀၂၅ ခုနှစ်တွင် သူနာပြု သင်တန်းသား သင်တန်းသူ ၅၄ ဦး စုစုပေါင်း ၁၂၃ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ကျန်းမာရေး ကဏ္ဍသည် အရေးကြီးသည်နှင့်အမျှ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သော မျိုးချစ်စိတ်ဓာတ်ပြည့်ဝသော နိုင်ငံအကျိုးပြု သူနာပြုဝန်ထမ်းကောင်းများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ လိုအပ်သည်များ ပံ့ပိုးပေးလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ ကျန်းမာရေးကဏ္ဍအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် မောင်တို့မယ်တို့အား ကျေးလက်နေပြည်သူများအပါအဝင် ပြည်သူများအားလုံးကလည်း စောင့်ကြိုနေမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။



ယင်းနောက် တာဝန်ရှိသူများက သားဖွားဒီပလိုမာရရှိခဲ့သည့် သင်တန်းသား သင်တန်းသူ ၅၄ ဦးတို့အား သူနာပြု သားဖွားဒီပလိုမာ အောင်လက်မှတ်များ အပ်နှင်းပေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကမ္ဘောဒီးယားနိုင်ငံ၏ ဒုတိယအကြိမ်မြောက် အမျိုးသားစာဆိုတော်နေ့အထိမ်းအမှတ် စာပေဆွေးနွေးပွဲတွင် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် ပါဝင်ဟောပြောဆွေးနွေး

ဖနွမ်းပင် ဒီဇင်ဘာ ၂၁

ကမ္ဘောဒီးယားနိုင်ငံ စာရေးဆရာအသင်းသည် မြန်မာ၊ လာအို၊ ဗီယက်နမ်၊ တရုတ်နိုင်ငံရှိ နိုင်ငံအလိုက် စာရေးဆရာအသင်းဥက္ကဋ္ဌနှင့်



အဖွဲ့ဝင်များအား ဖိတ်ကြားလျက် ၎င်းတို့နိုင်ငံ၏ ဒုတိယအကြိမ်မြောက် အမျိုးသားစာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ Combodia Japan Co-operation Center ၌ ကျင်းပသည်။

## ဆွေးနွေးဟောပြော

ဆွေးနွေးပွဲတွင် ကမ္ဘောဒီးယားနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ Pnoeung Pranit နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) တို့က မိမိတို့၏ စာပေဘဝခရီးလမ်း အတွေ့အကြုံများကို အကြောင်းရင်းခံအဖြစ် ဆွေးနွေးကြကာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌက "A writer is an ambssador of culture and peace" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့ပြီး တက်ရောက်လာသော စာပေဝါသနာရှင်များ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မောင်နိုင်**



# ပခုက္ကူမြို့၌ မဲပေးစက်ပစ္စည်းများ သိမ်းဆည်းထားရှိသော နေရာများ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ပခုက္ကူ ဒီဇင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲပေးစက်ပစ္စည်းများ သိမ်းဆည်းထားရှိသောနေရာများ မီးဘေးလုံခြုံရေးအတွက် ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်အင်ဂျင်နီယာရုံး(ပခုက္ကူ)မှ ဝန်ထမ်းများက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ မဲပေးစက်ပစ္စည်းထားရှိသော နေရာများအား အရေးပေါ်မီးငြိမ်းသတ်ပစ္စည်းများ၊ လျှပ်စစ်မီးကြိုးများ၊ ဆိုလာနှင့် လျှပ်စစ်ပစ္စည်းများ ကောင်းမွန်မှု ရှိ/ မရှိတို့ကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကယ်ရီမောင်**

# အင်းစိန်မြို့နယ်၌ စာရေးဆရာအသင်း စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ဆုရစာရေးဆရာမ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

အင်းစိန်မြို့နယ်၌ စာရေးဆရာအသင်းမှ စာဆိုတော်နေ့ အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ၊ စာပေဟောပြောပွဲနှင့် ဆုရစာရေးဆရာမ ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မြို့သစ်(၈) ရပ်ကွက်ရှိဇေယျာသီရိဆွမ်းလောင်းဓမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်း အမှုဆောင် ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ်မြမဥ္ဇူ)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ အတွင်းရေးမှူး ဦးတင်ငွေအောင် (ရန်မိုးအောင်-အင်းစိန်)က ၁၃၈၇ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သဝဏ်လွှာကို ဖတ်ကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာ၊ အမြင်သစ် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအုန်းရွှေ၊ မြို့မိ မြို့ဖ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ - တောင်တွင်းကြီး)တို့က မုဒိတာစကားများ ပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ အမျိုးသားစာပေဆုရှင် စာရေးဆရာ မြင်းမူမောင်နိုင်မိုးက "မိခင်မေတ္တာအကြောင်းနှင့် ဗဟုသုတရဖွယ် စာပေအကြောင်းအရာများ" ကို ဟောပြောပြီး ဆရာတော်မြင့် (၄က်ဖျား)က ဂန္ထဝင်စာရေးဆရာ အကြောင်းနှင့် စာရေးဆရာမကြီး ရွှေကူမေနှင်းက အချစ်ဆုံးရဲ့ တက္ကသိုလ်စာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးဟောပြောသည်။ ဟောပြောသွားကြသော စာရေးဆရာများနှင့် ၂၀၂၄ ခုနှစ် စာပေဗိမာန်ဆုများရှင် (စာပဒေသာ) ဆုရ တက္ကသိုလ်မြမဥ္ဇူတို့ကို တာဝန်ရှိသူများက အမှတ်တရ ဂုဏ်ပြု လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြပြီး စာရေးဆရာအသင်း အသက် (၇၀) နှစ်အထက် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ဆက်လက်ပြုလုပ်ပြီး သက်ကြီးစာရေးဆရာကြီး ဆရာမကြီးများအား ကန်တော့ပစ္စည်းများနှင့် ငွေသားများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်ဦး**



မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိစျေးများ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြငြိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်များဖြင့် ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက အုန်းချောကျေးရွာရှိ "ရန်ကင်း (ပျံကျ) စျေး" ၌ ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသန့်ဦးဆောင်၍ သန္ဓေအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ အုန်းချောစျေးတာဝန်ခံ၊ စေတနာမွန် လူမှုရေးအသင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ကြစဉ်။ ဇာနည်ကိုကို(ပြန်/ဆက်)

# ဘားအံမြို့၌ အခြေခံကင်းထောက်လူငယ်သင်တန်းဖွင့်




ဘားအံ ဒီဇင်ဘာ ၂၁

ကရင်ပြည်နယ် အစိုးရအဖွဲ့နှင့် လူငယ်ရေးရာ ကော်မတီတို့ ကြီးမှူးကျင်းပသော အခြေခံ ကင်းထောက်သင်တန်း ဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် ဘားအံမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းကို ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းအဆင့်သင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၆၀၊ နည်းပြ ၂၁ ဦး၊ ကြီးကြပ်ရှစ်ဦးတို့ဖြင့် ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုင်ငံတော်မှ အားထားရမည့် ကြီးမားသည့် အင်အားစုဖြစ်သော ကျောင်းသား ကျောင်းသူ လူငယ်များကို "အစဉ်အသင့်" ဟူသော ကင်းထောက်ဆောင်ပုဒ်နှင့်အညီ မည်သည့်အရေးပေါ်ကိစ္စတာဝန်ကိုမဆို ဖြတ်ထိုးဉာဏ်ဖြင့် ကင်းထောက် လုပ်ငန်းများကို လျင်မြန်စွာ ဖြေရှင်းဆောင်ရွက်တတ်စေရန် တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ယခင်နှစ် ကင်းထောက်လူငယ်သင်တန်းလှုပ်ရှားမှု ဗီဒီယိုကို အတူတကွ ကြည့်ရှုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နွေရာသီကင်းထောက် လူငယ်သင်တန်းအတွက် အလှူငွေ ချီးမြှင့်ပေးအပ်ကာ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူတစ်ဦးက ကင်းထောက်နည်းပြနှင့် သင်တန်းသား သင်တန်းသူများအတွက် ကင်းထောက်လည်စည်းများ၊ ကင်းထောက်လက်စွဲစာအုပ်များကို ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသူများကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

ယမန်နေ့ ညပိုင်းတွင်လည်း ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့ သီရိကွင်းဒုံးစင်မြင့်၌ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ကရင်အမျိုးသားနှစ်သစ်ကူးအထိမ်းအမှတ် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သီရိကွင်းအတွင်း ဇာတ်သဘင် အကအလှများဖြင့် သီဆိုကပြဖျော်ဖြေမှု၊ မန်းနဲစန်လမ်းနှင့် ကျော်ဇေယျ လမ်းထောင့်ရှိ မီးပုံးပျံကွင်း၌ ပြုလုပ်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ နဝမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိကြသည့် တပ်မတော်သားများအားဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ နဝမအကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်- ၁၀၀၀) မင်္ဂလာဒုံ၌ ကျင်းပသည်။



အခမ်းအနားသို့ အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ တပ်မှူး ဗိုလ်မှူးချုပ်မြင့်ဇော်နှင့် အရာရှိ/စစ်သည်များ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဗဟိုကော်မတီအတွင်းရေးမှူးများ၊ ဗဟိုအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ဗဟိုတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ၊ တိုင်းဒုတိယဥက္ကဋ္ဌများ၊ တိုင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် သွေးလှူရှင် ၁၀၂ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မင်္ဂလာဒုံမှ တပ်မှူးနှင့် တာဝန်ရှိသူများက သွေးအလှူရှင်များအား နံနက်စာကျွေးမွေးဧည့်ခံပြီး ကြက်ဥ၊ ဆေးဝါးနှင့် အာဟာရဖြည့်စွက်စာများ၊ အားဖြည့်အချိုရည်များ ပေးအပ်လှူဒါန်းသည်။ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေး အဖွဲ့ကလည်း အမှတ်တရအကျႌ၊ သောက်ရေသန့်၊ ထောက်ပံ့လှူဒါန်းငွေတို့ကို ပေးအပ်ခဲ့ကာ နေ့လယ်စာဖြင့် ကျွေးမွေးလှူဒါန်းခဲ့သည်။ ယင်းနောက် အမှတ်(၁) တပ်မတော်ဆေးရုံကြီး တပ်မှူးက ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# ချောက်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ဆောင်ရွက်ပေး

ချောက် ဒီဇင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများအားလုံး မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူများအား နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၉ နာရီခွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သွင်သွင်ငြိမ်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး



ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အဖွဲ့ဝင်များက ချောက်မြို့ပေါ်ရပ်ကွက်များရှိ နိုင်ငံသားစိစစ်ရေးကတ်မရှိသူ၊ ပျောက်ဆုံး/ပျက်စီးနေသူ ၄၇၀ အား နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



# သစ္စာအဓိဋ္ဌာန် သမိုင်းဝင် ရွှေစာရံစေတီတော်မြတ်ကြီး ရှေးမူမပျက် ပြန်လည်ပြုပြင်နိုင်ရေး ဩဝါဒခံယူပွဲ ကျင်းပ

ပုသိမ်ကြီး ဒီဇင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာရှိ သစ္စာအဓိဋ္ဌာန် သမိုင်းဝင်ရွှေစာရံစေတီတော်မြတ်ကြီးသည် မန္တလေး ငလျင်ကြီးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရာ ရှေးမူမပျက် ပြန်လည်တည်ဆောက်နိုင်ရေး ဩဝါဒခံယူပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါဘုရားဝင်း၌ ကျင်းပရာ မြို့နယ်အတွင်းရှိ ပဓာနနာယက ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဦးဥတ္တမနှင့် ဆရာတော်ကြီးများ ကြွရောက်သည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဆရာတော်ကြီးများအမှူးပြု၍ ဥက္ကဋ္ဌဆရာတော်က ငလျင်ဒဏ်သင့်ပြီးချိန် ထီးတော်မှ ပျက်စီး၍ ရရှိလာသည့် ရတနာပစ္စည်းများကို ပြန်လည်ထည့်သွင်းအသုံးပြုရန်၊ ချို့ယွင်းချက်မရှိ ဓမ္မ/လောက ညီမျှစွာဆောင်ရွက်ကြရန်နှင့် စေတီတော်မြတ်ကြီး ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေး ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များအား မိန့်ကြားသည်။

ဆက်လက်၍ ဂေါပကဥက္ကဋ္ဌ ဦးသိန်းဇော်က ယခင်ရရှိထားသည့် အလှူငွေများနှင့် ထပ်မံရရှိသည့် အလှူငွေများကို လျှောက်ထားတင်ပြပြီး စေတီတော်ကြီး ပျက်စီးမှုနှင့် ပြုပြင်နေမှု အခြေအနေများ၊ ပြီးစီးမှု အတိုင်းအတာများကို ဆရာတော်ကြီးများအား လျှောက်ထားတင်ပြ၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ပိတ်သိမ်းခဲ့သည်။ အဆိုပါ သမိုင်းဝင် ရွှေစာရံဘုရားကြီး၏ ၄က်မြတ်နားတော်၊ ထီးတော်တို့တွင် ဗုဒ္ဓဘာသာဝင် မည်သူမဆို ဂေါပကဥက္ကဋ္ဌ ဦးသိန်းဇော် ဖုန်း- ၀၉၄၄၄၀၃၄၂၉၉ နှင့် အလှူခံ တာဝန်ခံဂေါပကအဖွဲ့ ၀၉- ၄၄၁၀၃၃၇၉၁ တို့တွင် ဓမ္မမိတ်ဆွေများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဇာနည်ကိုကို(ပြန်/ဆက်)**



# မိုင်းရယ်မြို့၌ နိုင်ငံသားစိစစ်ရေး ကတ်များ ကွင်းဆင်းဆောင်ရွက်

မိုင်းရယ် ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းရယ်မြို့နယ်ရုံးမှ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အသက်(၁၈)နှစ် ပြည့်ပြီးသူများ၊ နိုင်ငံသားစိစစ်ရေးကတ် ပျက်စီး/ပျောက်ဆုံးသူများကို နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးနိုင်ရန်အတွက် ယနေ့နံနက် ၁၀ နာရီတွင် မြို့ပေါ် ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းရာတွင် မိုင်းရယ်မြို့နယ်ရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးသန်းထွန်းအောင်နှင့် ဝန်ထမ်းများက လုံလိုင်းကျေးရွာအုပ်စု၊ မိုင်းဟိန်းကျေးရွာအုပ်စု၊ မိုင်းဟမန်မုံကျေးရွာအုပ်စု၊ ဟိုဆိုင်းကျေးရွာအုပ်စုနှင့် မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်တို့တွင် အိမ်ထောင်စုဇယားပုံစံ(၆၆/၆)တွင်ပါရှိပြီး အသက်(၁၈)နှစ်ပြည့်၍ မှတ်ပုံတင်မပြုလုပ်ရသေးသည့်သူများ၊ နိုင်ငံသားစိစစ်ရေးကတ် လဲလှယ်ခြင်းနှင့် မိတ္တူပြုလုပ်ပေးခြင်းတို့ကို ဒေသခံပြည်သူ စုစုပေါင်း ၂၀၆ ဦးအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 10

Unit 8 FOOD CHAIN

(ယခင်တစ်ပတ်မှ အဆက်)

**V.(2) Read the passage.**

(Birds such as vultures and crows, and animals ....................
............................and the food chain starts again.)

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Vultures, crows, hyenas and jackals are said to be ------.

(2) The remains of what other animals have killed and eaten -------- by scavengers.

(3) Whatever left behind is the food for -------.

(4) Plants eat nutrients and the food chain -------- over again.

(5) The food for hawks, owls and foxes is -------- according to an example food web.

**(B) Answer each question in one sentence. (5 marks)**

(6) What do vultures eat?

(7) When are there still bones and tiny pieces of flesh left behind?

(8) Why can we say that decomposers do the final cleaning up work?

(9) How are decomposers known?

(10) What are food for scavengers?

**VI. Read the passage.**

Exercise is very important for maintaining good health. When we exercise regularly, our body becomes stronger and more **energetic**. It helps to build muscles and keep bones healthy. Exercise also improves the function of the heart and lungs, which helps us stay fit. By burning **calories**, exercise helps control body weight and prevents **obesity**. Besides physical benefits, exercise is good for mental health. It reduces stress and makes us feel happier by releasing chemicals called **endorphins**. People who exercise regularly tend to sleep better and have more energy during the day. Exercise also improves **concentration** and memory, which is helpful for students and workers. It encourages social interaction when done with friends or in teams. Simple activities like walking, cycling, or playing sports can provide these benefits.

Doing at least 30 minutes of exercise daily can greatly improve our quality of life. Therefore, everyone should make exercise a regular part of their routine to stay healthy and happy.

**(A) Find the bold – faced words in the passage that are similar in meaning in the following.**

*(1) a hormone that your body produces to ease pain* (1) -----------

*(2) The ability to focus all of one's attention* (2) -----------

(3) The state of being extremely overweight (3) -----------

(4) the energy that the body burns through physical activity (4) -----------

(5) active, lively (5) -----------

**(B) Answer the following questions. Give completely answers.**

(6) Why is exercise important for maintaining good health?

(7) What happens to our body when we exercise regularly?

(8) How does exercise help with mental health?

(9) What are some simple activities that provide the benefits of exercise?

(10) How much exercise should people do daily to improve their quality of life?

**VII. (A) Complete the dialogue with the expressions given in the box. There is an extra.**

| |
|---|
| Too much sugar isn't healthy |
| My hobby is collecting stamps |
| It helps digestion |
| more fruits and nuts in my diet |
| any special eating habits |
| Same here |

**Sandi:** Do you have _________(1)_________?

**Maw Lay:** Yes, I always drink water before meals. ________ (2)________.

**Sandi:** Interesting! I try to eat smaller portions throughout the day.

**Maw Lay:** That's smart. I also avoid eating late at night.

Sandi: ________(3)_______. Eating late makes me feel uncomfortable.

**Maw Lay:** I like to include ________(4)________.

**Sandi:** Fruits are great! I'm trying to cut down on sugary drinks.

**Maw Lay:** Good idea. ________(5)_________.

**Sandi:** Exactly. Balanced eating keeps us energetic and healthy.

**(B) Complete the exchange using the expressions given in the box. There is an extra.**

| |
|---|
| but I'm planning to go this weekend |
| Are you going with friends or alone? |
| take some lessons to get started |
| to catch the sunrise over the temples |
| I can't wait to watch it |
| it made me late for work |

6. The traffic was terrible this morning.
   Yeah, _____________
7. I just bought tickets for the concert next week.
   Awesome! ____________
8. I'm thinking of learning to play the guitar.
   That's cool! You should ____________.
9. I heard the movie was really funny.
   Really? ____________!
10. Did you try the new restaurant in town?
    Not yet, _______________.

**********************

## Grade 11

UNIT 8 THE LAST LEAF

(ယခင်တစ်ပတ်က ဖော်ပြပါရှိခဲ့သော မေးခွန်းများ၏ အဖြေများ)

IV. (A) 1. unsuspecting lay 2. saw a white rhinoceros 3. as I marveled 4. a sea of blue 5. shut her deep blue tent

(B)1. Many people came to Greenwich Village because they were interested in art and liked the bohemian life of the village. 2. Sue and Johnsy had their studio at the top of an old three-storey brick house. 3. While lying on her bed, Johnsy looked out of the window and counted backwards as she watched the leaves fall. 4. Johnsy believed when the last leaf fell, she would die. 5. Mr. Behrman was an old painter who lived on the first floor beneath Sue and Johnsy. He was known for being a failure in art who had always wanted to paint a masterpiece but had never started it.

V.(1) (A) (1) interested (2) old and dirty (3) Maine and California (4)their living (5)May

(B) (6) Greenwich Village is a section of New York City. (7) People came to Greenwich Village because they liked the bohemian life of the village, and they enjoy living among so many artists. (8) The two artists had met in the restaurant of an Eight Street hotel. (9) A cold, unseen stranger, whom the doctors called pneumonia, visited the city, touching one here and one there with his icy finger in November. (10) Johnsy lay without moving on her painted iron bed by looking through the small window at the blank of the opposite building.

V.(2) (A)(1) being counted (2) the cold breath of autumn (3) quiet (4) headache (5) foolishness

(B)(6) Sue saw an old, old vine, dead at the roots climbing halfway up the wall besides a grey backyard, the blank wall of the opposite house. (7)There were almost a hundred leaves on the vine three days ago. (8)Johnsy thought she would die when the last leaf of the vine falls. (9)Sue made money to buy Johnsy some good port wine. (10) Johnsy said that she wanted to see the last one fell before it got dark and then she would go too when there were four leaves left.

**********************

UNIT 8 THE LAST LEAF

(ယခင်တစ်ပတ်မှအဆက်)

**V.(3) Read the passage.**

("Try to sleep," said Sue a little later. ......................................
of whom he was very fond. )

**(A) Write the correct word or words to complete each sentence.**

(1) Sue told Johnsy -------- try to sleep.

(2) Old Mr. Behrman did not -------- in art.

(3) Mr. Behrman had a strong desire to paint a --------.

(4) Something in the line of commercial or advising work -------- by Mr. Behrman.

(5) Behrman said that he --------- paint a great masterpiece when he was drunk.

**(B) Answer each question in one sentence.**

(6) Why did Sue have to go downstairs for a minute?

(7) What did Sue tell Johnsy after saying that she would be right back?

(8) How old was Mr. Behrman and where did he live?

(9) How did Mr. Behrman earn a little money?

(10) What did Mr. Behrman look?

**V.(4) Read the passage.**

(Sue found Behrman in his poorly-lighted studio. ................
............................ to pose for Sue as a model. )

**(A) Write the correct word or words to complete each sentence.**

(1) It was in -------- that Sue found Behrman.

(2) There was no -------- of the promised masterpiece on the canvas.

(3) Sue feared that Johnsy would really die with the ------ of the last leaf.

(4) The curtain -------- down by Sue when they both went upstairs.

(5) -------- was motioned to go into the other room.

**(B) Answer each question in one sentence.**

(6) Where was a blank canvas?

(7) What did Behrman know when he met Sue?

(8) What did Behrman ask Sue exclaiming that Miss Johnsy was very poor?

(9) Why was Johnsy 's mind full of strange ideas?

(10) When did Sue and Behrman look at each other for a while without speaking?

**V.(5) Read the passage.**

(The next day, Sue came to the bed where Johnsy lay.
............................ he painted it there the night that the last leaf fell." )

**(A) Write the correct word or words to complete each sentence.**

(1) Sue came to -------- bed.

(2) Mr. Behrman was suffering from --------.

(3) Mr. Behrman was -------- with pain and fever.

(4) They found Mr. Behrman's --------- shoes and clothing.

(5) The leaf painted by Mr. Behrman was his --------.

**(B) Answer each question in one sentence.**

(6) How did Johnsy behave when Sue put her arms around her the next day?

(7) Where and when did Mr. Behrman die?

(8) What couldn't be figured out?

(9) What did Behrman do during the wind and the rain?

(10) Why did the leaf on the wall never move when the wind blew?

****************

စာမျက်နှာ ၂၁ သို့ ✰

☆ စာမျက်နှာ ၂၀ မှ

Grade 12

## Unit 6 ARTIFICIAL INTELLIGENCE
(ယခင်တစ်ပတ်မှ အဆက်)

**IV. (A) Write the appropriate words or phrases to complete the lines of verse. (5 marks)**

1. And ____________, which most does please
   With meditation.
2. Everything that books can bring
   ________________ find inside those walls.
3. See the moon, a sandy dune,
   Or catch a _____________ pike.
4. Content to breathe his ____________;
   In his own ground.
5. You cannot tell _____________
   By the way the building looks,

**IV. (B) Answer the questions in complete sentence. (5 marks)**

1. How can AI assist teachers in the field of education?
2. When did the Second Industrial Revolution emerge?
3. What is the highest risk to humanity if AI is misused?
4. What is the main focus of Artificial Intelligence (AI)?
5. Who created the term "artificial intelligence" in 1956?
6. What are the goals of AI scientists?
7. Why are space scientists now using unmanned spacecraft with Al tools?
8. Give two drawbacks of AI?
9. Why might the replacement of human workers with robots be concerning?
10. What do these lines mean?
    "Happy the man, whose wish and care
    A few paternal acres bound,"

**V.(1) Read the passage.**

We, human beings, are considered to be the most intelligent species in the world. From time immemorial, we have made our dreams a reality, and as a result, the world has enormously and constantly changed. Great advances in technology, which have made our life easier and more comfortable, owe much to our intelligence the ability to learn, understand, reason and make judgements. Based on the concept of human intelligence, the term 'artificial intelligence' was coined in 1956 by Professor John McCarthy, a computer scientist from Stanford University. Artificial Intelligence (AI), a cutting-edge technology, is a branch of computer science which mainly focuses on creating machines with humanlike intelligence and capacity.

**What is Artificial Intelligence (AI)?**

McCarthy defined AI as 'the science and engineering of making intelligent machines, especially intelligent computer programs'. In other words, AI is a machine's ability to perform cognitive functions such as perceiving, reasoning, and solving problems as humans do. The goals of AI scientists include making AI-powered machines perform human tasks, reducing the amount of time needed to perform specific tasks, and enhancing communication between humans and machines.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Very few species in the world are as -------- as human beings.
(2) There have been -------- changes in the world because of human beings.
(3) Human intelligence has been making -------- greatly.
(4) Machines with humanlike intelligence and capacity -------- by AI technology.
(5) AI - powered machines can perform -------- as humans do.

**(B) Answer each question in one sentence. (5 marks)**

(6) How long have human beings made their dreams a reality?
(7) Why can we have easier and more comfortable life?
(8) What does human intelligence mean?
(9) Who coined the term ' artificial intelligence ' in 1956?
(10) How can AI - powered machines perform human tasks?

**V.(2) Read the passage.**

Since the turn of the millennium, with Industry 4.0, Al technology has grown day by day. The industrial setting has been totally changed by this breakthrough technology - Al. As a matter of fact, we have had a long history all the way to Al. One of the most remarkable events that has happened in history is the First Industrial Revolution. It began to take place in the eighteenth century with the advent of steam- powered engines. The transportation systems in industrialising countries dramatically changed due to the invention of steam- powered automobiles and railway engines. The Second Industrial Revolution, known as the Technological Revolution, emerged in the nineteenth century. Owing to electricity, there have been remarkable developments in mass production since then. Around 1970, the Third Industrial Revolution, or the Digital Revolution began with the invention of electronics. We are now living in the Fourth Industrial Revolution Era, better known as Industry 4.0. It is in this era that Al has taken centre stage in science and technology.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) The breakthrough technology - AI -------- the industrial setting as a whole.
(2) Our history to AI has been very --------.
(3) The First Industrial Revolution was born in --------.
(4) The Third Industrial Revolution was called --------.
(5) Mass production industries enormously developed due to --------.

**(B) Answer each question in one sentence. (5 marks)**

(6) What occurs with Industry 4.0 day by day?
(7) How did the First Industrial Revolution begin to take place?
(8) What made the transportation systems dramatically change in industrializing countries?
(9) When did the Second Industrial Revolution take place?
(10) What has AI done in Industry 4.0?

**V.(3) Read the passage.**

So far, Al scientists have achieved success in creating Al-powered machines and gadgets with reasoning, speech and vision. A wide range of machines, devices, and tools powered by Al have been invented by Al scientists. Examples of Al technology can be seen in our daily life. When we are typing a text on a computer or on a mobile, we notice pop-up messages suddenly appearing on the screen, suggesting what we should write next. Most of the time, these suggestions are quite the same as what we are going to write. It seems that the computer can read our minds. This is how a computer programme called 'text editor' helps us with word processing. While typing a text we also tend to make spelling mistakes. At such times, these mistakes are automatically corrected by the computer. This is what we call the auto-correction feature of a computer software application.

We have more examples of Al technology in various sectors. In the security and surveillance sector, facial recognition systems and security cameras help the police find missing persons, detect criminals, and protect our homes.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) AI scientists are -------- in creating AI - powered machines and gadgets.
(2) AI - powered machines and gadgets have --------.
(3) We can see -------- in our daily life.
(4) While we -------- a text, we tend to make spelling mistakes.
(5) -------- is used in the security and surveillance sector.

**(B) Answer each question in one sentence. (5 marks)**

(6) What have AI scientists invented?
(7) When do pop - up messages suddenly appear on the screen?
(8) Why does it seem that the computer can read our minds?
(9) How does a computer correct spelling mistakes and how is it known?
(10) What can help us protect our homes?

**V.(4) Read the passage.**

In the transportation sector, self-driving cars, or driverless cars powered by Al technology are becoming more and more popular because they can reduce driver error as well as the number of accidents. In the past, it was difficult for us to find a location in a big city. Now, the Google Maps and GPS Navigation Apps installed on our mobiles help us get + an unfamiliar place just by following the directions. In hospitals, Al is used in several ways to promote the quality of healthcare. We have witnessed hospital robots delivering food, water medicine to patients with COVID-19. Space scientists are now using unmanned spacecraft with Al tools to study unknown stars and black holes.

In the field of education, Al can help teachers in grading tests, retrieving up-to-date information on their subject matter, writing progress reports, etc. For today's students, who are digital natives, All is their everything: playmate, friend, tutor, advisor, etc. Al can even be a personal classroom where they can learn what they wish.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Driverless cars powered by AI technology are known as --------.
(2) We cannot find a location in a big city ------- in the past.
(3) Food, water and medicine to patients with COVID 19 -------- by hospital robots.
(4) Up - to - date information on the subject matter of teachers can -------- by using AI.
(5) AI can perform ------- where students can learn what they wish.

**(B) Answer each question in one sentence. (5 marks)**

(6) What makes driverless cars more popular among people?
(7) How can we get to an unfamiliar place at that moment?
(8) Why are unmanned spacecraft with AI tools used by space scientists?
(9) What can AI help teachers do in the field of education?
(10) For whom is AI everything: playmate, friend, tutor, advisor, etc.?

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# အနောက်ဘက်ကမ်း၌ အခြေချနေထိုင်ရေး စင်တာ ၁၉ ခု တည်ထောင်ရန် အစ္စရေး အတည်ပြု

**ဂျေရုဆလင် ဒီဇင်ဘာ ၂၁**

အနောက်ဘက်ကမ်း၌ အခြေချနေထိုင်ရေး စင်တာ ၁၉ ခု တည်ထောင်ရန် အစ္စရေးလုံခြုံရေး ဝန်ကြီးအဖွဲ့က အတည်ပြုခဲ့ပြီး ယခုဆောင်ရွက်ချက်ကြောင့် ဒေသတွင်းရှိ အခြေချနေထိုင်ရေးစင်တာ အရေအတွက် ၆၉ ခုအထိ ရှိလာကြောင်း တာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂၁ ရက်တွင် ပြောကြားခဲ့သည်။ ဘဏ္ဍာရေးဝန်ကြီး ဗေဇယ်ဆမိုထရက်က အခြေချနေထိုင်ရေးစင်တာသစ် ၁၉ ခုကို ထပ်မံတည်ထောင်ခွင့်ပြုရန် ကာကွယ်ရေးဝန်ကြီး အစ္စရေးကက်နှင့်အတူ အစိုးရအဖွဲ့ထံ တင်ပြခဲ့ကြောင်း သိရသည်။

ယခုခွင့်ပြုချက်အရ ထပ်မံတည်ထောင်မည့် စင်တာများအပြင် ယခင်က ခွင့်ပြုချက်မရှိဘဲ တည်ထောင်ထားသည့် စင်တာများကိုပါ ခွင့်ပြုမည်ဖြစ်သည်။

ယခုဆောင်ရွက်ချက်သည် အနောက်ဘက်ကမ်းဒေသတွင် ဂျူးလူမျိုးများ၏ အခြေချနေထိုင်မှုကို မြှင့်တင်ရန်ဖြစ်ပြီး ၎င်းဒေသတွင် ပါလက်စတိုင်းများ၏ အနာဂတ်နိုင်ငံတည်ထောင်ရေးလုပ်ငန်းကို ဟန့်တားရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆမိုထရက်က ပြောသည်။

**ဟန့်တားရေးဆောင်ရွက်**

အနောက်ဘက်ကမ်းတွင် ယခုကဲ့သို့အခြေချနေထိုင်မှုများ မြှင့်တင်ရေးအတွက် အစ္စရေး၏ ဆောင်ရွက်ချက်သည် နိုင်ငံတကာမှ ဝေဖန်မှုများ မြင့်တက်နေချိန်တွင် ဆောင်ရွက်ခြင်းဖြစ်သည်။

လက်ရှိ လက်ယာဝါဒီအစိုးရ တာဝန်ယူချိန်မှစတင်၍ အစ္စရေးသည် အနောက်ဘက်ကမ်းဒေသတွင် တင်းမာမှုများ မြင့်တက်စေကြောင်း ပါလက်စတိုင်း တာဝန်ရှိသူများကပြောသည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**



ဂျူးလူမျိုးများ အခြေချနေထိုင်မှု မြှင့်တင်ရေးဆောင်ရွက်ခဲ့သည်။ ၎င်းဆောင်ရွက်ချက်သည် နှစ်နိုင်ငံဖြေရှင်းချက်ကို ဟန့်တားရေးဆောင်ရွက်ချက်ဖြစ်ပြီး



# နိုင်ငံ၏ လုံခြုံရေးလုပ်ငန်းဆောင်ရွက်ချက်နှင့်ပတ်သက်ပြီး ပြန်လည်သုံးသပ်ရန်လိုကြောင်း ဩစတြေးလျဝန်ကြီးချုပ် ပြောကြား

**ကင်ဘာရာ ဒီဇင်ဘာ ၂၁**

ဩစတြေးလျနိုင်ငံ ဗွန်ဒီကမ်းခြေ၌ ဖြစ်ခဲ့သည့် ပစ်ခတ်မှုအပြီးတွင် နိုင်ငံ၏ လုံခြုံရေးအဖွဲ့အစည်းများ လုပ်ငန်း ဆောင်ရွက်ချက်နှင့် ပတ်သက်ပြီး ပြန်လည်သုံးသပ်ရန်လိုကြောင်း ဝန်ကြီးချုပ် အန်ထော်နီ အယ်ဗားနိစ်က ဒီဇင်ဘာ ၂၁ ရက်တွင် ပြောသည်။

**ပြန်လည်သုံးသပ်မည်ဖြစ်**

နိုင်ငံသားများ၏ ဘေးကင်းရေးအတွက် လုံခြုံရေးအဖွဲ့အစည်းများ၏ စွမ်းအား၊ တည်ဆောက်ပုံ၊ လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ပြီးခဲ့သည့်သီတင်းပတ်က ယင်းကမ်းခြေတွင် ဂျူးများ၏ ပွဲတော်ကျင်းပနေစဉ် ပစ်ခတ်မှုဖြစ်သဖြင့် ဒေသခံများ သေဆုံးခဲ့သည်။ ၎င်းတိုက်ခိုက်မှုသည် အိုင်အက်စ်အဖွဲ့၏ ခံယူချက်ကို လက်ခံသူများကြောင့်သာ ဖြစ်ခဲ့ခြင်းဖြစ်ကာ ၎င်းတိုက်ခိုက်မှုအရ လုံခြုံရေးအစီအစဉ်များကို ကြပ်မတ်ဆောင်ရွက်ရမည်ဟူသည့် အချက်ကို ပြသနေကြောင်း အယ်လ်ဗားနိစ်က ပြောသည်။ အကယ်၍ တိုက်ခိုက်မှုများ ထပ်မံဖြစ်မည်ဆိုပါက တုံ့ပြန်ဆောင်ရွက်နိုင်ရေး ပြင်ဆင်ရမည်ဟု ၎င်းကပြောသည်။ တိုက်ခိုက်မှုဖြစ်စဉ်အတွင်း အသက် ၅၀ အရွယ်ရှိ အကြမ်းဖက်သမားတစ်ဦး သေဆုံးခဲ့ပြီး ကျန်အကြမ်းဖက်သမားတစ်ဦးအား အကြမ်းဖက်မှုစွဲချက်များဖြင့် တရားစွဲဆိုခဲ့သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ အအေးခန်း သိုလှောင်ရုံ ၂၂ ခု ထပ်မံတည်ထောင်

**ကဘူးလ် ဒီဇင်ဘာ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံ၌ စိုက်ပျိုးရေးထုတ်ကုန်များ သိုလှောင်သိမ်းဆည်းရေးအတွက် အအေးခန်းသိုလှောင်ရုံ ၂၂ ခုကို ထပ်မံတည်ထောင်နေကြောင်း စီးပွားရေးဆိုင်ရာ ဒုတိယဝန်ကြီးချုပ်ရုံးက ဒီဇင်ဘာ၂၀ ရက်တွင် ပြောသည်။

ယင်းသိုလှောင်ရုံများသည် စိုက်ပျိုးရေးထုတ်ကုန် မက်ထရစ်တန် ၂၆၀၀၀ ကိုသိုလှောင်နိုင်ပြီး သိုလှောင်ရုံများတည်ထောင်ခြင်းဖြင့် သီးနှံရိတ်သိမ်းပြီးနောက် ဖြစ်လာမည့်လေလွင့်မှုများကို တားဆီးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ဒေသခံတောင်သူများအတွက် အကျိုးကျေးဇူးရှိမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးသည့် အကျိုးကျေးဇူးကို ရရှိမည်ဖြစ်ကြောင်း ၎င်းရုံးထုတ်ပြန်ချက်အရ သိရသည်။ တရုတ်နိုင်ငံ၏ အကူအညီဖြင့် ကဘူးလ်နှင့် ဗာ့ခ်ပြည်နယ်တို့တွင် အအေးခန်းသိုလှောင်ရုံများ ထပ်မံတည်ထောင်မည်ဖြစ်ပြီး တောင်သူများအား အကူအညီပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ **ကိုးကား– ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**



# သီရိလင်္ကာ၌ 5 G အဆင့် ဆက်သွယ်ရေးကွန်ရက် စတင်တည်ထောင်

**ကိုလံဘို ဒီဇင်ဘာ ၂၁**

သီရိလင်္ကာနိုင်ငံရှိ မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်း နှစ်ခုက နိုင်ငံအတွင်း 5 G အဆင့် ဆက်သွယ်ရေးကွန်ရက်ကို စတင်တည်ထောင်ခဲ့ကြောင်း သိရသည်။

**သရုပ်ပြဆောင်ရွက်**

မြန်နှုန်းမြင့် အင်တာနက်စနစ်၊ ဆက်သွယ်ရေး ကွန်ရက်မြန်ဆန်ခြင်းနှင့် ဂိမ်းကစားခြင်းအပါအဝင် ဆက်သွယ်ရေးဝန်ဆောင်မှုများပါဝင်သည့် 5 G ဆက်သွယ်ရေးကွန်ရက်ကို မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းဖြစ်သည့် အက်စ်အယ်လ်တီမိုဗီတယ်က သရုပ်ပြဆောင်ရွက်ခဲ့သည်။ 5 G ဆက်သွယ်ရေးကွန်ရက်တွင် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုထားပြီး အင်တာနက်ကို လွယ်လွယ်ကူကူ အသုံးပြုနိုင်ကြောင်း ၎င်းလုပ်ငန်းတာဝန်ရှိသူ မိုသီလာဒီဆီဗာက ပြောသည်။

အခြားမိုဘိုင်း ဆက်သွယ်ရေးလုပ်ငန်းဖြစ်သည့် ဒိုင်ရာလော့ဂ်ကလည်း ၎င်း၏ ဝန်ဆောင်မှုများကို ဒီဇင်ဘာ ၁၈ ရက်က စတင်မိတ်ဆက်ခဲ့သည်။ ၎င်းလုပ်ငန်းထံတွင် သုံးစွဲသူ ၁ ဒသမ ၅ သန်းအား ဝန်ဆောင်မှုပေးနေသည့် အင်တာနက်ကွန်ရက်ရှိကြောင်း သိရသည်။ 5 G ဆက်သွယ်ရေးကွန်ရက်သည် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းအတွက် အရေးကြီးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – စိုးသူရ**

# တရုတ်နိုင်ငံနှင့် အာဖရိကဒေသကြား တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်

**အဒစ်အဘာဘာ ဒီဇင်ဘာ ၂၁**

တရုတ်နိုင်ငံနှင့် အာဖရိကဒေသကြား တိရစ္ဆာန်မွေးမြူရေးကဏ္ဍတွင် ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာတွင်ကျင်းပသည့် တိရစ္ဆာန်မွေးမြူရေး သိပ္ပံနှင့်နည်းပညာဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတွင် တာဝန်ရှိသူများက ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းသည် အာဖရိကဒေသရှိကျေးလက်နေဒေသခံများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်ပြီး ဒေသတွင်း စားရေရိက္ခာဖူလုံရေးအတွက် အရေးကြီးကြောင်း အာဖရိကသမဂ္ဂ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဌာနမှ တာဝန်ရှိသူ မိုးဇတ်ဗီလာခါတီက ပြောသည်။

တရုတ်နိုင်ငံနှင့်အာဖရိကဒေသကြား တိရစ္ဆာန်မွေးမြူရေး လုပ်ငန်းတွင် အတွေ့အကြုံနှင့် နည်းပညာဖလှယ်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ တရုတ်နိုင်ငံ၏ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းသည် နည်းပညာနှင့် လုပ်ငန်းဆိုင်ရာ အရည်အသွေးတွင် ထိပ်တန်းနေရာတွင်ရှိသောကြောင့် နှစ်ဖက်အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း အာဖရိကသမဂ္ဂဆိုင်ရာ တရုတ်တာဝန်ရှိသူ ဂျင်ဖန်းက ပြောသည်။ ယခုကျင်းပသည့် ထိပ်သီးဆွေးနွေးပွဲအရ အာဖရိကဒေသ မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာစေရေးအတွက် တရုတ်နိုင်ငံက ပူးပေါင်းဆောင်ရွက်မှုပြုရန် အခွင့်အရေးများရရှိခဲ့ကြောင်း သိရသည်။

တရုတ် ကိုယ်စားလှယ်အဖွဲ့သည် ဉာဏ်ရည်တုနည်းပညာကိုအသုံးပြုသည့် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ နည်းပညာများ၊ တိရစ္ဆာန်များမှ ကူးစက်သောရောဂါ ကာကွယ်ထိန်းချုပ်ရေး နည်းပညာများနှင့် တိရစ္ဆာန်များတွင်ဖြစ်ပွားသည့် ရောဂါကာကွယ်ဆေးစက်ရုံ တည်ထောင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ဉာဏ်ရည်တုနည်းပညာ သို့မဟုတ် အေအိုင်ဖွံ့ဖြိုးတိုးတက်လာခြင်း(၃)

**နီဇော်သစ်**

မိုက်ခရိုပရိုဆက်ဆာတို့ကို အဓိကထား တည်ဆောက်ထားသော ကွန်ပျူတာဖွဲ့စည်းတည်ဆောက်ပုံနှင့် လူသားဦးနှောက်ပုံစံ ရေးသားထားသော နျူရယ်ကွန်ရက် အယ်လ်ဂိုရစ်သမ်တို့ တစ်သားတည်း မကျနိုင်သည်မှာ သေချာသည်။ နျူရယ်ကွန်ရက်က ဘယ်လောက်ပဲ ဖြန့်ကြက်ပြီး တွက်ချက်ပါစေ အဓိက ဟာ့ဒ်ဝဲဖြစ်သည့် ပရိုဆက်ဆာ၏ အလုပ်လုပ်နိုင်စွမ်းထက်ပိုပြီး ဘာမှမလုပ်နိုင်။ ပရိုဆက်ဆာတွင် ကိုး (core) သို့မဟုတ် သရက်ဒ် (thread) ဘယ်နှခုပါလဲ။ ပါသလောက်သာ ခွဲဖြာပြီးလုပ်ပေးနိုင်မည်။ ယင်းမှာ နျူရယ်ကွန်ရက်တို့အတွက် ရုပ်ပိုင်းဆိုင်ရာ ကျော်ဖြတ်ရမည့် အခက်အခဲတစ်ခုဖြစ်လာသည်။

၂၀၁၀ ပြည့်နှစ်တွင် အင်းမေ့ဂျ်နက် စိန်ခေါ်ပွဲ (ImageNet Challenge)ဆိုသည့် ပြိုင်ပွဲတစ်ခု ပေါ်ထွက်လာသည်။ တကယ့်ပြိုင်ပွဲနာမည်က ImageNet Large Scale Visual Recognition Challenge။ အတိုကောက် ILSVRC။ ရှည်လျားသောကြောင့် အင်းမေ့ဂျ်နက် စိန်ခေါ်ပွဲဟုသာ ခေါ်ကြသည်။ နာမည်အရှည်ကို ကြည့်လျှင် လုပ်ရမည့်ကိစ္စမှာ ပေါ်လွင်သည်။ များပြားသော ပမာဏအားဖြင့် အမြင်အာရုံ ခွဲခြားခြင်း။ ထိုပွဲကို စတင်တည်ထောင်သူက စတန်းဖို့ဒ်တက္ကသိုလ်မှ ပါမောက္ခဖေးဖေးလီ။ သူက ပုံများ၊ အရာဝတ္ထုများကို ကွန်ပျူတာက ခွဲခြားသိမြင်နိုင်ရေးလမ်းကြောင်းပေါ်သို့ တက်ခဲ့သည်မှာ ကြာပြီ။

ပြိုင်ပွဲတွင် အရာဝတ္ထုအမျိုးအစား ၁၀၀၀ ၏ ပုံပေါင်း ၁ ဒသမ ၂ သန်းပေးထားသည်။ ထိုပုံများကို မှန်မှန်ကန်ကန် ခွဲခြားသိမြင်နိုင်သည့် အယ်လ်ဂိုရစ်သမ်ရေးရမည်။ ပထမဆုံးပြိုင်ပွဲမှာပင် စိတ်ဝင်စားသည့် အဖွဲ့အများအပြား ဝင်ရောက်ယှဉ်ပြိုင်သည်။ အနိုင်ရရှိသည့်အဖွဲ့၏ စွမ်းဆောင်ရည်မှာ အမှား ၂၈ ဒသမ ၂ ရာခိုင်နှုန်း။ အရေအတွက်အားဖြင့်ပြောရလျှင် ပုံပေါင်း ၃၄၀၀၀၀ နီးပါးကို မှားယွင်းဖတ်ရှုခဲ့သည်။ နောက်တစ်နှစ် အနိုင်ရရှိသည့်အဖွဲ့က အမှား ၂၅ ဒသမ ၇ ရာခိုင်နှုန်း။ နည်းနည်းတော့ တိုးတက်လာသည်။ ထိုစဉ်ကတော့ ထိုတိုးတက်မှုမျှကိုပင် အားရကျေနပ်ခဲ့ကြရသည်။

၂၀၁၂ ခုနှစ်တွင် တိုရွန်တိုတက္ကသိုလ်၌ နာမည်ကျော် ကွန်ပျူတာသိပ္ပံသုတေသီ ဂျော့ဖရီဟင်တန်၏ ကြီးကြပ်မှုအောက်တွင် သူ့ကျောင်းသားနှစ်ယောက်ဖြစ်သော အဲလက်ခရီဇက်စကီးနှင့် အီလျာဆတ်စကီဗာတို့က အဲလက်ဇ်နက်(AlexNet)ဆိုသည့် ပြိုင်ပွဲဝင်ကိရိယာကို တီထွင်ကြသည်။ အင်းမေ့ဂျ်နက် စိန်ခေါ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်။ သူတို့နိုင်သည်။ အမှားက ၁၅ ဒသမ ၃ ရာခိုင်နှုန်း။ ဒုတိယရသည့်အဖွဲ့ထက် ၁၀ ရာခိုင်နှုန်းသာသည်။ ဆိုလိုသည်မှာ အဲလက်ဇ်နက် မပါလျှင် တိုးတက်မှုရာခိုင်နှုန်းမှာ ခုဂဏန်းထက် ပိုမည်မဟုတ်။ ဆယ်ဂဏန်းတိုးတက်မှုသည် ထိုနယ်ပယ်တစ်ခုလုံး အုတ်အော်သောင်းတင်း ဖြစ်သွားလောက်အောင် ထူးခြားသည်။ ထိုရလဒ်မှတ်တမ်းမှာ အေအိုင် သုတေသနနယ်ပယ်အတွင်း အများဆုံး ကိုးကားခံရသည့် စာတမ်းတစ်စောင်ဖြစ်လာသည်။

ဘာထူးခြားသွားလို့လဲ။ အဲလက်ဇ်နက်သည် အင်န်ဗီးဒီးယား ဂျီပီယူနှစ်လုံးကို သုံးထားသည်။ ပုံရိပ်ဖတ်သည့် လုပ်ငန်းစဉ်ကို ပင်မပရိုဆက်ဆာအား မခိုင်းတော့။ ဂျီပီယူထဲမှ ပရိုဆက်ဆာများကိုသာ ခိုင်းသည်။ တစ်နည်းပြောရလျှင် နျူရယ်ကွန်ရက်အလွှာများကို ဂျီပီယူဘက်သို့ ပို့လိုက်သည်။ သူတို့သုံးသည့် အင်န်ဗီးဒီးယား ဂျီပီယူတွင် ကူဒါကိုး ၁၅၂ လုံးစီပါသည်။ ဆိုလိုသည်မှာ ပရိုဆက်ဆာ ၃၀၄ လုံးဖြင့် အလုပ်လုပ်သည်။ ဂျီပီယူထဲမှ ပရိုဆက်ဆာများသည်




စီပီယူလောက် အလုပ်များများ မလုပ်နိုင်သော်လည်း ပုံရိပ်ဖတ်သည့် အလုပ်ကိုတော့ ကောင်းကောင်းလုပ်နိုင်သည်။ လုပ်နိုင်သည်ကိုလည်း ပြိုင်ပွဲတွင် သက်သေပြလိုက်သည်။

အဲလက်ဇ်နက်၏ အောင်မြင်မှုသည် ရှေ့တွင်ပြောခဲ့သော ဟာ့ဒ်ဝဲအကျပ်အတည်းကို ကျော်လွှားလိုက်သည်။ အေအိုင်နယ်ပယ်ရှိ အဖွဲ့အားလုံး ဂျီပီယူဘက်သို့ မျက်စိရောက်သွားကြသည်။ နက်နက်နဲနဲ လေ့လာသင်ယူမှု တော်လှန်ရေးဟုဆိုနိုင်သည်။ စီပီယူတစ်ခုတည်းက လုပ်နေရသည်ထက် များစွာပိုမြန်သွားပြီး အချက်အလက်များစွာကို တစ်ပြိုင်နက် တွက်ချက်လာနိုင်သည်။ တိုးတက်မှုနှုန်းမှာလည်း သိသိသာသာ မြန်ဆန်လာသည်။ အင်းမေ့ဂျ်နက် ပြိုင်ပွဲရလဒ်များကို ကြည့်လျှင်ပင် သိသာသည်။ ၂၀၁၃ ခုနှစ်၌ အနိုင်ရသော အသင်းသည် ၁၁ ဒသမ ၇ ရာခိုင်နှုန်းသာ မှားတော့သည်။ ၂၀၁၄ ခုနှစ်တွင် ဂူဂဲလ်နက်က အနိုင်ရသည်။ အမှား ၆ ဒသမ ၆၇ ရာခိုင်နှုန်း။ ပထမဆုံးအကြိမ် ဆယ်ဂဏန်းအောက်ဆင်းသွားသည်။ ဂူဂဲလ်က နောက်မှဝင်လာပြီး လက်စောင်းထက်လှပါလားဟု တွေးမိလျှင် အဲလက်ဇ်နက် ဖန်တီးသူသုံးယောက်ကို ထိုနှစ်ကတည်းက ဂူဂဲလ်၌ တစ်ခါတည်း အလုပ်ခန့်လိုက်သည့်ကိစ္စကို ထည့်ပြောလျှင် ထူးဆန်းတော့မည်မဟုတ်ပါ။

အေအိုင်အကြောင်း စပြောကတည်းက စက်ကို စက်လိုမတွေးဘဲ တတ်နိုင်သမျှ လူလိုတွေးအောင်လုပ်ရန်သည် အဓိကအချက်ဟုပြောခဲ့သည်။ ယခု အေအိုင်ဖြစ်လာရန် အဓိကကျသော ခြေလှမ်းတစ်ရပ်ဖြစ်သည့် ဂျီပီယူများကို စီပီယူအား ထောက်ကူရန် ထည့်သွင်းအသုံးပြုသည့် နည်းလမ်းမှာ စက်ကိုတွေးအောင်လုပ်ရန် ကြိုးစားရာမှ ထွက်ပေါ်လာသောနည်းလမ်းမဟုတ်၊ ကွန်ပျူတာကို မြင်အောင်လုပ်ရန် ကြိုးစားရာမှ ထွက်ပေါ်လာသည့် နည်းလမ်းဟု ဆိုနိုင်သည်။ ထို့ကြောင့် အဲလက်ဇ်နက်သည် နက်နက်နဲနဲ လေ့လာသင်ယူခြင်းအတွက်သာမက ကွန်ပျူတာအမြင်အတွက်ပါ ထင်ရှားသည့် တော်လှန်ပြောင်းလဲမှုတစ်ခုဖြစ်ခဲ့သည်။

ကွန်ပျူတာအမြင် တိုးတက်ဖြစ်ထွန်းလာသည်ကို ကျွန်တော်တို့ လက်တွေ့မြင်နေရသလို အသုံးလည်းချနေကြပြီ။ ကျွန်တော်တို့ လက်ထဲမှ စမတ်ဖုန်းတစ်လုံးသည် ဓာတ်ပုံတစ်ပုံရိုက်လျှင် နောက်ခံနှင့်လူ သို့မဟုတ် အရာဝတ္ထုကို ကောင်းကောင်းခွဲပြီး သိမြင်သည်။ ထိုအချက်တို့မှာ အထွေအထူးပြောစရာမလို။ ယနေ့ခေတ်တွင် လူတိုင်းသုံးနေသည့် နည်းပညာဖြစ်နေပြီ။ အစိုးရများအတွက်လည်း အကျိုးရှိသည်။ မည်မျှပင် ရှုပ်ထွေးသောလမ်းများပေါ်၌ဖြစ်စေ သိချင်သော ကားတစ်စီးကို သီးသီးခြားခြားခွဲပြီး ရှာဖွေနိုင်သည်။ ပြီးခဲ့သည် ကိုဗစ်ကပ်ဘေးကာလအတွင်း လေယာဉ်ကွင်းလို လူအများသွားလာရာနေရာများ၌ ဗီဒီယိုကင်မရာဖြင့်ကြည့်ပြီး အဖျားရှိသူလား၊ အဖျားမရှိသူလား ခွဲခြားနိုင်ခြင်းမှာ ကွန်ပျူတာအမြင် တိုးတက်လာခြင်း၏ အလွန်အကျိုးပြုသော ရလဒ်တစ်ခုဖြစ်ခဲ့သည်။

ကော်ပိုရေးရှင်းကြီးများ၏ အသုံးချမှုမှာလည်း စိတ်ဝင်စားရန်ကောင်းသည်။ အမေဇုန်၏ ငွေကိုင်စာရေးမထားတော့သော စူပါမားကက်ကြီးများတွင် ကွန်ပျူတာအမြင်သည် ပိုက်ဆံရှင်းဖို့ လူတစ်ယောက်မလိုတော့ကြောင်း သက်သေပြနေပြီ။ အလိုအလျောက် ပါကင်ထိုးနိုင်သောကားများသည် ကွန်ပျူတာအမြင် ဘယ်လောက်အစွမ်းထက်နေပြီလဲဆိုသည်ကို ပြနေသည်။ နောက်ပိုင်း အလိုအလျောက်မောင်းနှင်မှုစနစ်များအတွက် ကြီးမားသော ခြေလှမ်းတစ်ရပ်လည်း ဖြစ်သည်။

အဲလက်ဇ်နက်၏ ဖွဲ့စည်းပုံကို ကွန်ဗော်လူးရှင်း နျူရယ်ကွန်ရက်ဟုခေါ်သည်။ အတိုကောက်အားဖြင့် စီအင်န်အင်န်။ ယေဘုယျ ခြေယမ်းလက်ယမ်းနည်းဖြင့် အဓိပ္ပာယ်ဖွင့်ရလျှင် အလွှာ ၂၀ ဝန်းကျင်ပါဝင်သော နျူရယ်ကွန်ရက်ဟု ဆိုနိုင်သည်။ အဲလက်ဇ်နက် မတိုင်ခင်ကတည်းက စီအင်န်အင်န်များ ရှိသည်။ သို့သော် ဂျီပီယူတို့ကို သုံးပြီးနောက်ပိုင်း စီအင်န်အင်န်တို့ သိသိသာသာ ပိုမိုအစွမ်းထက်လာသည်။

သို့ဖြစ်ရာ ဂျီပီယူများသည် ယခင်ကတည်းက ပုံအတွက် ပြင်ဆင်ထားသည့်စနစ်များဖြစ်၍ ကွန်ပျူတာအမြင်ကို တိုးတက်စေရာ မူရင်းရည်မှန်းချက် စက်၏အတွေးအတွက်ရော အထောက်အကူဖြစ်ပ့ါမလားဟု မေးစရာရှိသည်။ ဖြစ်ပါသည်။ သို့သော် တွေးနိုင်ရန်အတွက် ဆိုလျှင် မြင်နိုင်ရန်ထက် အချက်အလက်များစွာ ပိုမိုလိုအပ်မည်မှာ သေချာသည်။ ထို့ကြောင့် နျူရယ်ကွန်ရက်ထဲမှ အလွှာများလည်း ပိုမိုများပြားလာဖို့ လိုအပ်သည်။ ထိုသို့သော အေအင်န်အင်န် မိုဒယ်များကိုမူ ထရန်စဖော်မာဟုခေါ်သည်။ ချတ်ဂျီပီတီတို့၊ ဒီဆိခ်တို့လို အေအိုင်စနစ်များတွင် သုံးထားသည့်မိုဒယ်များဖြစ်သည်။

အနာဂတ် အထွေထွေသုံးနည်းပညာတစ်ခုဖြစ်သည့် အေအိုင်အကြောင်း ယခုအထိ ဆွေးနွေးလာသမျှကို အနှစ်ချုပ်ရလျှင် စက်ကမှတ်နိုင်သည်ကို သုံးပြီးစက်နှင့် စကားပြောနိုင်အောင်လုပ်သည်။ ထို့နောက် စက်ကို လေ့လာသင်ယူစေသည်။ စက်၏ လေ့လာသင်ယူမှုသည်စက်ဆန်ပြီး လူသား မဆန်သောကြောင့် ထိုခေါင်းစဉ်အောက်မှာပင် နက်နက်နဲနဲ လေ့လာသင်ယူမှုဆိုပြီး နျူရယ်ကွန်ရက် အယ်လ်ဂိုရစ်သမ်များ တည်ဆောက်သည်။ နျူရယ်ကွန်ရက်နှင့် ဗန္ဓုိင်းမင်း အာကီတက်ချာတို့ တစ်သားတည်းမကျနိုင်ချိန်တွင် ဂျီပီယူများ သုံးလို့ရသည့် နည်းလမ်းကို တွေ့သွားသည်။ ထိုအချိန်မှစ၍ အေအိုင်နည်းပညာ သုတေသနနှင့် လက်တွေ့နယ်ပယ်နှစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်တော့သည်။ ။

# ချွေးကို ရောဂါရှာဖွေဆန်းစစ်မှုအတွက် အသုံးပြုနိုင်မည်



လူသားတို့အား ရောဂါရှာဖွေဆန်းစစ်ရာတွင် ထုံးတမ်းစဉ်လာနည်းများဖြစ်သော သွေးစစ်ခြင်း၊ ဆီးစစ်ခြင်းတို့အပြင် ချွေးကိုလည်း စစ်ဆေးပြီး သိရှိနိုင်ကြောင်း ဆစ်ဒနီနည်းပညာတက္ကသိုလ်မှ လေ့လာမှုအသစ်တစ်ခုက ဖော်ထုတ်တွေ့ရှိခဲ့သည်။

ဆေးပညာ လေ့လာဆန်းစစ်မှုဂျာနယ်တွင် ဖော်ပြခြင်းခံရသော အဆိုပါစာတမ်း၌ ချွေးကို ဟော်မုန်းအပြောင်းအလဲ၊ ဆေးဝါးသုံးစွဲမှု အတိုင်းအတာတို့ကို အချိန်နှင့်တစ်ပြေးညီ လေ့လာစောင့်ကြည့်နိုင်သည့်အပြင် ဆီးချို၊ ကင်ဆာ၊ ပါကင်ဆန်နှင့် အယ်လ်ဇိုင်းမားရောဂါတို့၏ ကနဦးလက္ခဏာရပ်များကို ရှာဖွေရာ၌ အထောက်အကူဖြစ်စေနိုင်ကြောင်း ရေးသားထားသည်။

စာတမ်းပူးတွဲရေးသားသူတစ်ယောက်ဖြစ်သော ဆစ်ဒနီနည်းပညာတက္ကသိုလ်မှ ဒေါက်တာ ဒေယန်နာ ဘော်ဒင်က "ချွေးကို စုဆောင်းတာက မနာကျင်ဘူး။ ရိုးရှင်းတယ်။ ဖောက်စရာလည်း မလိုပါဘူး။ သွေး ဒါမှမဟုတ် ဆီးကို အစားထိုးနိုင်မယ့် စိတ်ဝင်စားစရာ နည်းလမ်းတစ်ခုပါ။ ပြီးတော့ အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်ဖို့အတွက် အထူးအရေးပါပါတယ်"ဟု ဆိုသည်။

ချွေးကို အသုံးပြုပြီး ရောဂါလက္ခဏာတို့ကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ရန်အတွက် အာရုံခံကိရိယာများနှင့် အေအိုင်နည်းပညာတို့ကို အသုံးပြုကြရန်လည်း တိုက်တွန်းထားသည်။ ယနေ့ခေတ် စမတ်နာရီများတွင် နှလုံးခုန်နှုန်း၊ လမ်းလျှောက်နှုန်း အစရှိသည့် ကျန်းမာရေးနှင့်ဆိုင်သော အချက်အလက်များကို ကြည့်ရှုနိုင်ရာ ချွေးကို အာရုံခံနိုင်သော အာရုံခံကိရိယာတစ်မျိုး ထည့်သွင်းလိုက်လျှင် ရောဂါရှာဖွေဆန်းစစ်မှုနှင့် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်မှုတို့အတွက် များစွာအကျိုးပြုနိုင်မည်ဖြစ်သည်။

Ref: scitechdaily.com



# ဂျိုကာရက်စ်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရပြီး အာဆင်နယ်အသင်း ဇယားထိပ်၌ ဆက်လက်ဦးဆောင်

အဲဗာတန်အသင်းနဲ့ အာဆင်နယ်အသင်းတို့ ဒီဇင်ဘာ ၂၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၇)မှာ အာဆင်နယ်အသင်းက ဂျိုကာရက်စ်ရဲ့ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက် ဦးဆောင်နိုင်ခဲ့ပါတယ်။

အဲဗာတန်အသင်းနဲ့ အာဆင်နယ်အသင်းတို့ပွဲစဉ်မှာ အာဆင်နယ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၂၇ မိနစ်မှာ ဂျိုကာရက်စ်က ပင်နယ်တီကနေတစ်ဆင့် သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ဂျိုကာရက်စ်ဟာ အခုပွဲစဉ်မှာ ပင်နယ်တီကနေ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ နောက်ပိုင်း စပို့တင်းအသင်းနဲ့ အာဆင်နယ်အသင်းတို့မှာ ရရှိခဲ့တဲ့ ပင်နယ်တီသွင်းဂိုး ၁၉ ဂိုးစလုံးကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းကိုလည်း ရရှိခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ အဲဗာတန်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၇)အပြီးမှာ ရမှတ် ၃၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁)နေရာမှာ ရပ်တည်နိုင်ခဲ့ပြီး အမှတ်ပေးဇယားဒုတိယနေရာက မန်စီးတီးအသင်းကို နှစ်မှတ်ဖြတ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# ဆီဗီလာအသင်းကို အနိုင်ရပြီး ဇယားထိပ်က ဘာစီလိုနာအသင်းကို ရီးယဲလ်မက်ဒရစ်အသင်း ဆက်လက်ဖိအားပေး

ရီးယဲလ်မက်ဒရစ် အသင်းဟာ ဒီဇင်ဘာ ၂၀ ရက်ညပိုင်းက ဆီဗီလာ အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန် လာလီဂါ ပွဲစဉ်(၁၈)မှာ အနိုင်ရရှိခဲ့ပြီး နောက် အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းကို ဆက်လက်ဖိအား ပေးနိုင်ခဲ့ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဆီဗီလာ အသင်းတို့ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ် အသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၃၈ မိနစ်မှာ ဘယ်လင်ဂမ်က တစ်ဂိုး၊ ၈၉ မိနစ်မှာ အမ်ဘတ်ပီက တစ်ဂိုး သွင်းယူ ပေးခဲ့တာဖြစ်ပါတယ်။ ဆီဗီလာအသင်း ဟာ ချေပဂိုးပြန်လည်ရရှိရေးကြိုးပမ်း ရင်း ဒုတိယပိုင်းပွဲကစားချိန် ၆၈ မိနစ်မှာ မာကောင်နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရလို့ တစ်ယောက်လျော့နဲ့ ကစားခဲ့ရတာ ဖြစ်ပါ တယ်။



အခုပွဲစဉ်မှာ သွင်းဂိုး တစ်ဂိုး သွင်းယူ နိုင်ခဲ့တဲ့ တိုက်စစ်မှူး အမ်ဘတ်ပီဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အတူ တိုက်စစ်မှူး စီရိုနယ်လ်ဒိုရရှိခဲ့တဲ့ တစ်ရာသီသွင်းဂိုး ၅၉ ဂိုး စံချိန်ကိုလည်း လိုက်မီခဲ့ပြီ ဖြစ်ပါတယ်။ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ၂၀၁၃ ခုနှစ်အတွင်းက ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုး ၅၉ ဂိုး သွင်းယူပေးခဲ့တာဖြစ်ပြီး အဲဒီ သွင်းဂိုး ၅၉ ဂိုးမှာ ဟက်ထရစ်သွင်းဂိုး ခုနစ်ကြိမ်လည်း ပါဝင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး အမ်ဘတ်ပီဟာ အသက် ၂၇ နှစ်ပြည့်မွေးနေ့မှာ စံချိန်သစ်တစ်ခု တင်နိုင်ခဲ့ပြီဖြစ်ပြီး လက်ရှိအချိန်အထိ ကစားသမားဘဝတစ်လျှောက် ပွဲစဉ် စုစုပေါင်း ၅၄၄ ပွဲမှာ သွင်းဂိုး ၄၁၀ နဲ့ ဂိုးဖန်တီးမှု ၁၇၆ ကြိမ်ပြုလုပ်ထားနိုင်ခဲ့ တာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ် အသင်းဟာ ဆီဗီလာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် လာလီဂါပွဲစဉ်(၁၈)အပြီးမှာ ရမှတ် ၄၂ မှတ်စုဆောင်းနိုင်ခဲ့ကာ အမှတ်ပေးဇယား ထိပ်ဆုံးမှာရပ်တည်နေတဲ့ ဘာစီလိုနာ အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့ တာ ဖြစ်ပါတယ်။

| ဘောလုံးလောကသတင်းတိုများ | | |
|---|---|---|
| ဘောလုံး လောက သတင်း တိုများ | ❍ ဂါနာတောင်ပံကစားသမားဆီမန်ညိုဟာ လက်ရှိကလပ်ဘုန်းမောက်အသင်းကနေ ထွက်ခွာခဲ့ပါက မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ဆီ ပြောင်းရွှေ့ကစားမှာ မဟုတ်ဘဲ လီဗာပူးအသင်းဆီ ပြောင်းရွှေ့ကစားဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။ | ❍ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းဟာ ပရီမီယာလိဂ်ကလပ် မန်ယူအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်စ်ကို ပြောင်းရွှေ့ကြေးပေါင် ၄၃ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။ |

# အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို ၂၀၂၈ ခုနှစ်မှ စတင်ကာ လေးနှစ်တစ်ကြိမ် ကျင်းပမည်

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို ၂၀၂၈ ခုနှစ်မှစတင်ကာ လေးနှစ်တစ်ကြိမ် ကျင်းပသွားမှာဖြစ်တယ်လို့ အာဖရိကဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မိုဆက်ပီက ကြေညာခဲ့ပါတယ်။ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို ၁၉၆၈ ခုနှစ်ကတည်းက နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့တာ ဖြစ်ပါတယ်။

အာဖရိကဘောလုံးအဖွဲ့ချုပ်အနေနဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို လေးနှစ်တစ်ကြိမ်ကျင်းပဖို့ စီစဉ်ခဲ့တဲ့အပြင် ဆုကြေးငွေကိုလည်း အမေရိကန်ဒေါ်လာ ခုနစ်သန်းချီးမြှင့်ခဲ့ရာမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ သန်းအထိ တိုးမြှင့်ပေးအပ်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

ဒါ့ပြင် အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကျင်းပမယ့် အချိန်ကာလကိုလည်း စက်တင်ဘာလ၊ အောက်တိုဘာလနဲ့ နိုဝင်ဘာလတို့မှာ ကျင်းပသွားဖို့ စီစဉ်ထားတာ ဖြစ်တယ်လို့လည်း သိရပါတယ်။



# ရိုးမားအသင်းကို အနိုင်ရပြီး ဂျူဗင်တပ်အသင်း စီးရီးအေအမှတ်ပေးဇယား အဆင့်(၄)ဝင်ရန် နီးစပ်လာ

ဂျူဗင်တပ်အသင်းဟာ အီတလီစီးရီးအေပွဲစဉ်(၁၆)အဖြစ် ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ရိုးမားအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရာ ရိုးမားအသင်းကို အနိုင်ရပြီး စီးရီးအေအမှတ်ပေးဇယား အဆင့်(၄)စာရင်းဝင်ရန် နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းဟာ ရိုးမားအသင်းနဲ့ ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပြီး ဂျူဗင်တပ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၄၄ မိနစ်မှာ ကွန်ဆီကောင်က တစ်ဂိုး၊ ဒုတိယပိုင်းပွဲကစားချိန် မိနစ် ၇၀ မှာ အိုပင်ဒါက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ အဝေးကွင်းကို လာရောက်ကစားခဲ့ရတဲ့ ရိုးမားအသင်းအတွက် တစ်လုံးတည်းသောချေပဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၇၅ မိနစ်မှာ ဘယ်လ်ဒန်ဇီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဂျူဗင်တပ်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့တဲ့ ကွန်ဆီကောင်ဟာ ယခုဘောလုံးရာသီမှာ ဂျူဗင်တပ်အသင်းနဲ့အတူ အီတလီစီးရီးအေပွဲစဉ် ၁၃ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့ဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းဟာ ရိုးမားအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အီတလီစီးရီးအေပွဲစဉ်(၁၆)အပြီးမှာ ရမှတ် ၂၉ မှတ် စုဆောင်းနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၅)နေရာမှာ ရပ်တည်နေတာဖြစ်ပြီး ရိုးမားအသင်းကတော့ ဂျူဗင်တပ်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ရမှတ် ၃၀ နဲ့ အမှတ်ပေးဇယား အဆင့်(၄)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ရိုးမားအသင်းဟာ ဂျူဗင်တပ်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် လက်ရှိစီးရီးအေပြိုင်ပွဲမှာ ပေးဂိုးရှစ်ဂိုးသာ ပေးထားရသေးတာကြောင့် နောက်တန်းအကောင်းဆုံးအသင်းအဖြစ် စံချိန်တင်ထားတာလည်း ဖြစ်ပါတယ်။

ဂျူဗင်တပ်အသင်းဟာ လာမယ့်အီတလီစီးရီးအေပွဲစဉ်အဖြစ် ဒီဇင်ဘာ ၂၇ ရက်မှာ ပီဆာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ရိုးမားအသင်းကတော့ ဒီဇင်ဘာ ၂၉ ရက်မှာ ဂျီနိုအာအသင်းကို အိမ်ကွင်းမှာ ဧည့်ခံကစားရမှာဖြစ်ပါတယ်။






## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## မဟာသုတဒီပနီကျမ်း (ဒုတိယတွဲ)




ဆရာတော် အဂ္ဂမဟာပဏ္ဍိတ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အရှေ့လယ်တီဆရာတော် ဘဒ္ဒန္တကုဏ္ဍလ ရေးသားသည့် ၂၀၀၁ ခုနှစ် ဗုဒ္ဓစာပေပထမဆုရ ဗဟုသုတလင်းရောင်ခြည် မဟာသုတဒီပနီကျမ်း(ဒုတိယတွဲ) စာအုပ် ထွက်ရှိလာသည်။

ဗဟုသုတလင်းရောင်ခြည် မဟာသုတဒီပနီကျမ်း(ဒုတိယတွဲ) စာအုပ်တွင် မေးဖြေ ၃၀၀ ကျော်ထည့်သွင်းထားသည်။ စာမျက်နှာ ၅၀၀ ကျော်ပါရှိသည်။ မဟာသုတဒီပနီကျမ်း(ပထမတွဲ) ကဲ့သို့ပင် တိုကျဉ်းလိုရင်းစကား သိပ်သည်းအောင် သိလွယ်မှတ်လွယ် ထင်ရှားအောင်၊ မကြားစဖူး အထူးအဆန်း ဘက်စုံသုတ မှတ်ဖွယ်ရာများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ ထို့ကြောင့် စာရှုသူ သုတေသီအပေါင်းတို့ သဘောကျနှစ်သက်ကြမည် ဖြစ်သည်။

စာရေးသူ ဆရာတော်က "ပညာပြည့်ဝ နှလုံးလှဖို့၊ သုတဖြာဖြာ ရလိုပါမူ၊ မြဲစွာသတိ လုံ့လရှိလျက်၊ စာကြည့်စာစု အစဉ်ပြု၍၊ သု စိ ပု ဘာ ဝိ လိ သိ ဓာ၊ အက္ခရာစွဲသုံး ဤရှစ်လုံးကို၊ သီကုံးပန်းသွင် နေ့တိုင်းဆင်လေ့"ဟု တိုက်တွန်းထားသည်။

စာအုပ်ကို ပျိုးခင်းစာပေ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ဝင်း)၊ ကမ္ဘာအေးကုန်းမြေ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် သာသနာ့ပျိုးခင်းစာသင်တိုက် ဖုန်း ၀၉ ၂၅၀၉၀၃၉၆၉၊ ၀၉ ၂၅၇၈၀၁၉၅၁၊ ၀၉ ၅၀၂၈၄၀၉၊ ဉာဏရပ်မင်္ဂလာဒုံမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၃၀၀၀၀ ဖြင့် ဖြန့်ချိသည်။

---

## ရင်ကိုထိဆဲ လှိုင်းခတ်သံစာစုများ




ခင်မောင်အေး(မွေး/ရေ)၏ ရင်ကိုထိဆဲ လှိုင်းခတ်သံစာစုများ ဆောင်းပါးစုစည်းမှု အတွဲ(၁)စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ဧရာဝတီလင်းပိုင် ကယ်တင်ခဲ့စဉ်က၊ အရွယ်နှင့်အသိ၊ အရွယ်နှင့်အသိ(၂)၊ အမှတ်တရ ဆလုံပွဲတော်၊ ကျွန်တော့်နာမည် ကိုဖိုးတုတ်၊ လူဖျင်းလူညံ့မဟုတ်ပါ၊ သမိုင်းတင်ရမည့် ရေလုပ်ငန်းကဏ္ဍ၊ ဆွမ်းပရာဘွမ် သွေးချင်းတို့ပျော်ရာမြေ၊ ငါးမျိုးစိတ် ရေသယံဇာတများနှင့် မြန်မာ့ပင်လယ်ပြင်၊ ပင်လယ်သမုဒ္ဒရာ၏ကျေးဇူး (ပင်လယ်ရေလွှမ်းမိုးမည့်အန္တရာယ်)၊ လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေး စသည့်ဆောင်းပါး ၁၁ ပုဒ် ပါရှိသည်။

စာရေးသူကိုယ်တိုင် ကျေးလက်မှကြီးပြင်းလာသူဖြစ်သဖြင့် ကျေးလက်နေပြည်သူလူထု၏ဘဝကို သိရှိကာ အနှစ်(၄၀)ကျော် စစ်ဘက်၊ နယ်ဘက် ရောက်လေရာနေရာတွင် ပေးအပ်သည့်တာဝန်အပေါ် ကိုယ်ချင်းစာတရားဖြင့် စေတနာထားကာ ဒေသအကျိုးကို ကိုယ့်ဇာတိအကျိုးကဲ့သို့ ခံယူကာ တတ်စွမ်းသမျှ ထိထိရောက်ရောက် ဆောင်ရွက်ပေးခဲ့သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်၊ ဒုတိယဝန်ကြီးအဆင့်ထိပါ တာဝန်ထမ်းဆောင်ခဲ့ရသည်။

ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ မျိုးသုဉ်းပျောက်ကွယ်တော့မည့် သတ္တဝါတို့အား ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှု၏ တွေ့ကြုံရမည့် ဆိုးကျိုးများကို စာရေးသူက မိမိသင်ကြားလေ့လာ သိရှိသလောက် ဗဟုသုတအဖြစ် မျှဝေပေးထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ ဖုန်း ၀၉ ၇၇၃၇၇၄၇၃၃၊ အမှတ် ၄၇၊ (၁) လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၈၀၀၀ ဖြင့် ထုတ်ဝေသည်။

---

## လဲရင်ပြန်ထဆက်လျှောက်ကြ





စာရေးဆရာ ဒေါက်တာတင်ထွန်းဦး ရေးသားပြုစုသည့် လဲရင်ပြန်ထဆက်လျှောက်ကြ စာအုပ်ထွက်ရှိနေပြီဖြစ်သည်။

အဆိုပါစာအုပ်၌ အောင်မြင်မှုပန်းတိုင်သို့ လျှောက်လှမ်းရာတွင် ထားရှိရမည့်စိတ်ခွန်အားနှင့် ကျင့်သုံးသင့်သည့်နည်းလမ်းကောင်းများကို ရေးသားဖော်ပြထားသည်။ စိတ်ဝင်စားဖွယ်ပါဝင်သောအခန်းကဏ္ဍများမှာ လဲရင်ပြန်ထလူ့ဘဝ၊ ပစ္စုပ္ပန်ကိုသာ အဓိကအာရုံစိုက်ပါ၊ အကောင်းမြင်စိတ်ထားပါ၊ အလုပ်လုပ်ပြီး အမီလိုက်ပါ၊ ဖွဲ၊ လုံ့လ၊ ဝီရိယ ရှိကြစေချင်၊ အချိန်ကို စနစ်တကျအသုံးချဖို့လို၊ အသုံးနဲ့အဖြုန်းကို ခွဲခြား၊ တိုင်ပင်ဖော်တိုင်ပင်ဖက်ရှိစေချင်၊ ကျေးဇူးတင်တတ်ဖို့လည်းလို၊ ခွင့်လွှတ်နိုင်သမျှ ခွင့်လွှတ်ပါ၊ စိတ်ဖိစီးမှုတွေမဖြစ်ရလေအောင်၊ ခံယူချက်မှန်မှန်နဲ့ တုံ့ပြန်တတ်ဖို့လို၊ ကျဆုံးမှုများမှ အောင်မြင်ခြင်းသို့၊ ကြောက်စိတ်ကို ဖယ်ရှားနိုင်၊ ယုံကြည်စိတ်နဲ့ ရင်ဆိုင်ပါ၊ လောကဓံရှစ်ပါးကို အပြုံးမပျက်ရင်ဆိုင်ပါ၊ ဘာသာရေးလုပ်ငန်းတွေက အထောက်အကူဖြစ်စေနိုင်၊ ပျော်ပျော်နေသေခဲ စိတ်ထားပါ၊ အောင်မြင်ပျော်ရွှင်တဲ့ဘဝသို့၊ လဲရင်ပြန်ထ ဆက်လျှောက်ကြ စသည့်ခေါင်းစဉ်များပါဝင်သည်။

ယင်းစာအုပ်ကို စွယ်စုံမီဒီယာဂရု(ပ်)၊ ပထမထပ်၊ Central Tower အနော်ရထာလမ်း (၃၉ လမ်းထောင့်)၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁ ၃၀၅၂၉၃၊ ၀၁ ၈၃၉၂၇၃၉ မှ ဖြန့်ချိထားပြီး တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

## သမိုင်းဝင်လွှတ်တော်နှင့် ရွေးကောက်ပွဲများစာအုပ်ထွက်ရှိ




၂၀၂၅/၂၀၂၆ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ဂုဏ်ပြုကြိုဆို၍ မြန်မာသံတော်ဆင့်သတင်းဌာန၊ ဓမ္မသံတော်ဆင့်စာပေ (မန္တလေးမြို့)မှ ထုတ်ဝေဖြန့်ချိသည့် "သမိုင်းဝင်လွှတ်တော်နှင့် ရွေးကောက်ပွဲများ"စာအုပ် ထွက်ရှိလာပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် ကုန်းဘောင်ခေတ်လွှတ်တော်၊ ကိုလိုနီခေတ်ရွေးကောက်ပွဲများ၊ လွတ်လပ်ရေးခေတ် တိုင်းပြုပြည်ပြုလွှတ်တော်တွင် ဗိုလ်ချုပ်အောင်ဆန်း အဆိုတင်သွင်းခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးပြီးနောက် တိုင်းပြုပြည်ပြုလွှတ်တော်ဆက်လက်ကျင်းပခြင်း၊ ၂၀၁၀ ရွေးကောက်ပွဲနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ၂၀၁၂/၂၀၁၅/၂၀၂၀ ရွေးကောက်ပွဲမှတ်တမ်းများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရတာဝန်ယူခြင်း၊ မှန်မှန်ကန်ကန်မျှမျှတတ ယှဉ်ပြိုင်ကြရမည့် ရွေးကောက်ပွဲ စသည့်သတင်းဆောင်းပါးမှတ်တမ်းများနှင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ရွေးကောက်ပွဲအနီးကပ်ကော်မရှင်ထုတ်ပြန်ချက်များ၊ မဲစာရင်းကြော်ငြာများ စစ်ဆေးကြည့်ရှုကြပုံနှင့် ရွေးကောက်ပွဲဝင်မဲဆွယ်ဆိုင်းဘုတ်တင်ကြခြင်း၊ ရွေးကောက်ပွဲများနှင့်ပတ်သက်၍ သတင်းဂျာနယ်တွင် ဖော်ပြခဲ့သော သတင်းဆောင်းပါးများ၊ သမိုင်းဝင်မည့်ရွေးကောက်ပွဲ၊ ညီညွတ်ရေးရှေးရှုသော ပြည်ထောင်စုလွှတ်တော် စသည့်ခေတ်ပုံမှတ်တမ်းအထောက်ထားများ စုံလင်စွာဖြင့် ၂၀၂၅/၂၀၂၆ ပါတီစုံရွေးကောက်ပွဲများ ဂုဏ်ပြုကြိုဆို၍ "ဓမ္မပါလမြို့သား(မောင်ရေစက်)" စုစည်းထုတ်ဝေလိုက်သော သမိုင်းဝင်လွှတ်တော်နှင့် ရွေးကောက်ပွဲများစာအုပ်သည် စာနယ်ဇင်းသမိုင်းဝင် တိုင်းကျိုးပြည်ပြုမှတ်တမ်းအဖြစ် ထွက်ရှိလာခြင်း ဖြစ်သည်။

မန္တလေးမြို့ ဓမ္မသံတော်ဆင့်စာပေမှ ထုတ်ဝေဖြန့်ချိခြင်းဖြစ်ပြီး တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀၀ ဖြင့် ရန်ကုန်၊ မန္တလေး စာပေဗိမာန်အရောင်းဆိုင်များ၊ တာမွေစာပေလောက၊ မန္တလေးမြို့ စိတ်ကူးချိုချိုနှင့် ညိုစာပေတို့၌ ဝယ်ယူရရှိနိုင်သည်။

---

## ကျီးမိုက်နှင့် နိဗ္ဗာန်လမ်းပြမြေပုံ




ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ စက်မှုဇုန်(၁)၊ ကမ်းနားလမ်း၊ မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော် အရှင်ဝိဇယာလင်္ကာရ၏ ကျီးမိုက်နှင့် နိဗ္ဗာန်လမ်းပြမြေပုံစာအုပ် ထွက်ရှိလာသည်။

ကျီးမိုက်သည် ဆင်သေကောင်ပုပ် ပင်လယ်ထဲမြုပ်လျှင် နားခိုစရာမရှိမည့်ဘေး၊ ပင်လယ်ထဲကျ၍ လှိုင်းအပုတ်ခံရမည့်ဘေး၊ မိကျောင်း၊ မကန်း၊ ငမန်း စသည့်ရေသတ္တဝါတို့၏ ကိုက်စားဝါးမြိုခြင်းခံရမည့်ဘေး၊ ဝဲအစုပ်ခံရ၍ ရေအောက်နစ်မြုပ်မည့်ဘေးတို့ကို မမြင်သကဲ့သို့ ဗာလပုထုဇဉ်သည်လည်း သေခါနီးရောက်ချိန်၌ အားကိုးစရာရှာရမည့်ဘေး၊ မသေခင်လောကဓံရှစ်ပါးလှိုင်းဒဏ်ကို ခံရမည့်ဘေး၊ အိုခြင်း(မိကျောင်း)၊ နာခြင်း(မကန်း)၊ သေခြင်း(ငါးမန်း)တို့ အကိုက်ခံရမည့်ဘေး၊ အပယ်လေးပါးဝဲထဲသို့ ကျရောက်နစ်မြုပ်ရမည့်ဘေးတို့ကို မမြင်ပေ။

နိဗ္ဗာန်သည် သံသရာဝဋ်မှ လွတ်လိုသူများအတွက် ထွက်ပေါက်ဖြစ်သည်။ နိဗ္ဗာန်ကို လမ်းပြမြေပုံမရှိဘဲ သွားပါက မရောက်ဘဲ သံသရာထဲ တဝဲလည်လည်ကျင်လည်နေရမည်ဖြစ်သည်။ နိဗ္ဗာန်လမ်းပြမြေပုံသည် တရားရှာလိုသူများအတွက် အလွန်လိုအပ်သည်။

စာအုပ်ကို မဟာဂန္ဓာရုံကျောင်းတိုက်၊ ကမ်းနားလမ်း၊ စက်မှုဇုန် (၁)၊ ဒဂုံ (ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၉ ၂၅၀၉၀၃၃၃၉ မှ တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ဖြန့်ချိသည်။

---

## နှလုံးသားအတွင်းက ချစ်ကြိုးမျှင်လေးများ




တက္ကသိုလ် နန်းဖြူဖြူထွန်း၏ နှလုံးသားအတွင်းက ချစ်ကြိုးမျှင်လေးများ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ရေတံခွန်ပမာ မွေးမေ မေတ္တာ၊ အစွဲ၊ ကတိ၊ ဖေဖေတို့ ညီအစ်ကို၊ ပြုံမှာလေလား ရွှေမြင်းမိုရ်၊ ဇရပ်ဖြူလေးသိပါတယ်၊ ဆရာဟူသော မိဘများ၊ လွတ်အောင်ပြေးလျှင်လွတ်ပါသည်၊ သွေးစကား တစ်ခွန်း၊ ချစ်ကြွေး၊ လမင်းခါးခါးနှင့် ချစ်ခွန်းဆင့်သူ၊ တို့လည်းပါမယ်၊ မစားဖြစ်သော အသုပ်များ၊ ကျွန်မနှင့် ရွှေအိမ်စည်၊ ထိုအရာကို စသည့် ဝတ္ထုတို ၁၅ ပုဒ် ပါရှိသည်။

စာရေးသူ ရင်ဆိုင်ဖြတ်သန်းခဲ့ရသော ပညာရေးဝန်ထမ်းဘဝ၊ အိမ်ထောင်သည်ဘဝ၊ မိခင်တစ်ဦး၏ ဘဝများကို အခြေခံရေးသားထားသည်။ ဆရာဟူသောမိဘများ ဝတ္ထုတိုတွင် " အမှားကိုမြင် အမှန်ကိုပြင်နိုင်တော့ လူကောင်းလူတော်တွေရဲ့ အရည်အချင်းပါ။ ပြီးတော့ စာသင်ကျောင်းတွေကလည်း အကောင်းဆုံးလူပြင်ဆိုင်တွေပါကွယ်။ လူ့လောကကြီးအတွက် အကျိုးပြုမယ့်ကလေးတွေ ပေါ်ထွက်လာအောင် သင်ကြားပြသပေးကြတဲ့ ဆရာတွေဟာ ပူဇော်ထိုက်သူများဖြစ်ကြပါတယ်"ဟု ရေးသားထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ၊ ဖုန်း ၀၉ ၇၉၈၁၈၉၁၄၈၊ ၀၉ ၇၆၀၄၆၈၁၃၈၊ အမှတ် ၂၁၉၊ လမ်း(၄၀) အလယ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိသည်။

# မြန်မာအသင်းယှဉ်ပြိုင်မည့် ASEAN Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ဇန်နဝါရီ ၁၅ ရက်ပြုလုပ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာ့လက်ရွေးစင်အမျိုးသားဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် ASEAN Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပလာသည့် ASEAN Hyundai Cup 2026 ပြိုင်ပွဲသည် လာမည့်ပြိုင်ပွဲဖြစ်သည့် ၂၀၂၆ ပြိုင်ပွဲတွင် နှစ် ၃၀ ပြည့်မည်ဖြစ်ပြီး စပွန်ဆာအသစ်ဖြင့် ပထမဆုံးကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆင့်သတ်မှတ်ချက်အနိမ့်ဆုံးဖြစ်သည့် ဘရူနိုင်းနှင့် တီမောအသင်းတို့မှာ ခြေစစ်ပွဲ Play-off ကစားရမည်ဖြစ်ပြီး ကျန်နိုင်ငံများဖြစ်သည့် လက်ရှိချန်ပီယံ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ လာအိုနှင့် ကမ္ဘောဒီးယားအသင်းတို့မှာ နောက်ဆုံးအဆင့်မှ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ပြိုင်ပွဲကို ယခင်ပုံစံအတိုင်း ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများမှာ အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ကစားရမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် လာမည့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ၌ ကစားသမားအစုံအလင်ပါဝင်နိုင်ရန် ကျင်းပမည့်ရက် ပြောင်းလဲထားပြီး ၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။




မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အောင်မြင်မှုကြီးကြီးမားမားမရသေးဘဲ ၂၀၀၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် နှစ်ကြိမ်သာ ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။

ASEAN Hyundai Cup 2026 ပြိုင်ပွဲကို ယခင်က တိုက်ဂါးဖလားပြိုင်ပွဲ၊ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲ၊ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ၊ အာဆီယံ မစ်ဆူဘီရှီဖလားပြိုင်ပွဲအမည်များဖြင့် ပြုလုပ်ခဲ့သည်။ ကျင်းပပြီးစီးခဲ့သည့် ပြိုင်ပွဲ ၁၅ ကြိမ်တွင် ထိုင်းအသင်းက ခုနစ်ကြိမ်၊ စင်ကာပူအသင်းက လေးကြိမ်၊ ဗီယက်နမ်အသင်းက သုံးကြိမ်၊ မလေးရှားအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-AFF**



## ကျောက်တန်းမြို့နယ်၌ မြစိမ်းရောင် (ငါးကဏ္ဍ)မှ အတိုးရငွေဖြင့် ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီး

ကျောက်တန်း ဒီဇင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သံတဲကျေးရွာ၌ မြစိမ်းရောင် (ငါးကဏ္ဍ)မှ ကျေးရွာကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းပြီးစီး၍ စာရွက်စာတမ်းများ လွှဲပြောင်းပေးခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

ယင်းအခမ်းအနားကိုကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်နိုင်နှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြစိမ်းရောင်(ငါးကဏ္ဍ) ကော်မတီအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ကျေးရွာလမ်းအရှည်မှာ ၃၆၀'x ၆' x ၇'' ဖြစ်ပြီး မြစိမ်းရောင်စီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်ခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများအတွက် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

**✲ အာဆီယံ ယူ-၁၉ မှ**

မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာ ၂၄ ရက်တွင် မလေးရှားအသင်း၊ ဒီဇင်ဘာ ၂၅ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။ အာဆီယံ ယူ-၁၆ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ငါးသင်းသာရှိသဖြင့် ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ထိုင်း၊ မြန်မာ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ဘရူနိုင်းအသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာ ၂၃ ရက်တွင် အင်ဒိုနီးရှားအသင်း၊ ဒီဇင်ဘာ ၂၄ ရက်တွင် ထိုင်းအသင်း၊ ဒီဇင်ဘာ ၂၅ ရက်တွင် ဗီယက်နမ်အသင်း၊ ဒီဇင်ဘာ ၂၆ ရက်တွင် ဘရူနိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ ဖူဆယ်အသင်းကို ဦးကျော်ဇင်ညွှန့်၊ ယူ-၁၉ ဖူဆယ်အသင်းကို ဦးကျော်စိုးမိုးတို့က နည်းပြချုပ်အဖြစ် ကိုင်တွယ်နေပြီး ယခုနှစ်အတွင်းကျင်းပခဲ့သည့် FIFA-MFF ယူ-၁၉ ဖူဆယ်လိဂ်နှင့် ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲမှ ခြေစွမ်းပြခဲ့သူများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-MFF**



**မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက အမှတ် (၅) လျှပ်စစ်ဆက်သွယ်ရေးတပ် တပ်ရင်းခန်းမ၌ ဒီဇင်ဘာ၂၀ ရက်တွင် ပန်းခင်းစီမံချက်အဆင့် ၃ ဖြင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ၊ ပျောက်ဆုံးပျက်စီးသူ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ခြင်းနှင့် UID ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။**

တင်မောင်(မန်း)

**❖ မြန်မာ့လက်ရွေးစင်မှ**

၂၀၁၈ ရာသီမှ ၂၀၂၀ ရာသီအထိ ရန်ကုန်ယူနိုက်တက်အသင်း၌ ကစားခဲ့ကာ ၂၀၂၁ ခုနှစ်တွင် ထိုင်းကလပ် လမ်ဖွန်ဝါရီယာအသင်းသို့ ပြောင်းရွှေ့ခဲ့ကာ ယင်းအသင်းတွင် ကာလရှည်ကစားနေခြင်းဖြစ်သည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုရာသီတွင် MNL အမှတ်ပေးချန်ပီယံဆု ပြန်လည်ရယူနိုင်ရန် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နေခြင်းဖြစ်ပြီး ရာသီဝက်အတွက် ပထမဆုံးခေါ်ယူမှုအဖြစ် မောင်မောင်လွင်အားအားဖြည့်ထားခြင်းဖြစ်သည်။ မောင်မောင်လွင်သည် ရန်ကုန်ယူနိုက်တက်အသင်းနှင့်အတူ ခြေစမ်းပွဲများတွင် ပါဝင်ကစားလျက်ရှိသည်။

**သတင်း-သော်လေး၊ ဓာတ်ပုံ-YUFC**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် (၄၉၉)ဟုခေါ်တွင်သော နှစ်ခန်းတွဲ (၆) ထပ်တိုက်၏ ဒုတိယထပ် ခြေရင်းခန်း၊ အခန်းအမှတ် (၃-B)၊ အကျယ်အဝန်း (၁၅ပေ x ၅၂ပေ)ရှိ တိုက်ခန်းနှင့် ရေ၊ မီး အပြည့်အစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၁။ ဒေါ်စီစီချို [၆/မအရ(နိုင်)၀၀၁၉၅၆]၊ ၂။ဒေါ်သွယ်သွယ်သော်[၆/မအရ(နိုင်)၀၀၀၈၂၁]၊ ၃။ ဒေါ်နုနုထွေး [၆/မအရ(နိုင်)၀၉၁၈၉၈]၊ ၄။ ဦးအောင်သန့်ဇင် [၆/မမန(နိုင်)၁၂၃၄၉၆]၊ ၅။ ဒေါ်နွေးနွေးစိမ့် [၆/မမန(နိုင်)၁၂၁၆၃၀]တို့မှ မိမိတို့သာလျှင် တရားဝင်လက်ဝယ်ရှိ ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါရှိသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ အထောက်အထား (မူရင်း) များနှင့်အတူ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မင်းသီရိမျိုး**
**အထက်တန်းရှေ့နေ (စဉ် - ၅၅၁၆၃)**
**အမှတ် (၃)၊ လေးလွှာ (ညာ)၊ အောင်ချမ်းသာလမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉- ၉၅၅၃၆၇၄၉၁၊ ၀၉-၄၃၁၃၂၆၂၈**

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**

### ပျောက်ဆုံးကြောင်း

(ဘ) ဦးခင်မောင်ဝင်း၏ သား မောင်ဝေယံရှင်းသန့် [၈/ရနခ(နိုင်)၁၀၇၀၁၈] (CDC-80718)၏ 3/E result sheet သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၀၂၈၁၁၁**

### "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်(၁၇၇၈)၊ မြေအကျယ်အဝန်း စတုရန်းပေ (၂၄၀၀)၊ ဧရိယာ (၀. ၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်အမည်ပေါက် ဦးလှငွေး [၁၂/ဥကတ (နိုင်) ၀၇၁၃၈၄] ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသော ဦးကျော်မင်းနိုင် [၁၂/ဒဂတ(နိုင်)၁၂၇၅၀၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ(၅)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းဇော်ဦး (LL.B)**
**(အထက်တန်းရှေ့နေ) (စဉ် - ၁၂၄၆၉)**
**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ - ၅၁၁၈၀၀၇၊ ၀၉ - ၅၁၈၃၅၆၉၊ ၀၉ - ၂၅၄၂၇၈၃၃၆**

### ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် (၃၃၇)၊ ဦးပိုင်အမှတ်(၆၂-ဃ)ခဲစင်း၊ ၃၅x၃၈ကြား၊ စိန်ပန်းလမ်းနှင့် ကမ်းနားလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်မာထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၃၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ထိုက်ထိုက် [၉/မနတ(နိုင်)၀၉၅၂၈၃]က အမှုတွဲအမှတ်(၀၄၆၅/ဘ၊ ခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ မင်းပိုင်းရပ်ကွက်၊ ဦးပုညလမ်းတွင်နေထိုင်သော ဦးမြခင်၏သားဖြစ်သူ[၁၂/တတန(နိုင်)၀၅၁၁၅၁] ကိုင်ဆောင်သူ ဦးလှငွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ မင်းပိုင်းရပ်ကွက်၊ ဦးပုညလမ်းတွင်နေထိုင်သော ဦးလှငွေ၏သားဖြစ်သူ မောင်အောင်စည်ဟိန်း[၁၂/တတန(နိုင်)၂၁၆၀၇၈]ကိုင်ဆောင်သူသည် ဖခင်၏ ဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ ဖခင်နှင့်ညီအစ်ကိုမောင်နှမများ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်ပြီး ဖခင်အား စိတ်ဆင်းရဲအောင်ပြုလုပ်၍ ပတ်ဝန်းကျင်တွင် ဖခင်၏ဂုဏ်သိက္ခာများကျဆင်းအောင် နည်းအမျိုးမျိုးဖြင့် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသောကြောင့် မိသားစုဝင်သားအဖြစ်မှ ယနေ့မှစ၍ အမွေပြတ် အပြီးအပြတ်စွန့်လွှတ်လိုက်ပါသည်။

ထို့ကြောင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ငွေကြေး အရှုပ်အရှင်းကိစ္စအဝဝနှင့်ပတ်သက်၍ ပြဿနာ အရှုပ်အရှင်းများဖြစ်ပေါ်လာပါက ဖခင်နှင့်ပတ်သက် သက်ဆိုင်မှုမရှိတော့သောကြောင့်လည်းကောင်း၊ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်သောကြောင့် လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မောင်အောင်စည်ဟိန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီနီလွင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၄၂)**
**မင်္ဂလာလမ်း၊ အိုးဖိုအရှေ့ရပ်ကွက်၊ တွံတေးမြို့၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၁၃၀၉၁၉၊ ၀၉-၇၉၉၅၁၉၉၃၅**

### ဒေါ်လှစိန် (AA-၀၈၆၃၅၈) နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်စောဝင်း [၁၂/ဥကတ(နိုင်)၀၁၀၆၁၆]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေသည် ဒေါ်လှစိန် အမည်ဖြင့် နှစ်(၆၀)ဂရန်ထွက်ရှိထားသော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ လူနေရပ်ကွက်အမှတ်(၁၁)၊ (၁)လမ်း၊ မြေကွက်အမှတ်(၄၅/က)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၆၀xအနံ ၂၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်လှစိန်ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူကာ လက်ဝယ်ရရှိ ပိုင်ဆိုင်ထားခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ကျွန်ုပ်တို့၏မိတ်ဆွေမှ အမည်ပေါက်ဆောင်ရွက်ရန် လိုအပ်လာပါသဖြင့် ယင်းမြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လိုအပ်သည်များအား ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လိုက်လံချုပ်ဆိုဆောင်ရွက်ပေးရန်နှင့် ထိုသို့ဆောင်ရွက်ပေးခြင်းမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေသည် ၎င်းတို့လက်ဝယ်ပိုင်ဆိုင်ထားသည့် ဒေါ်လှစိန်အမည်ဖြင့် နှစ် (၆၀) ဂရန်မြေအား ၎င်းအမည်သို့ ပြန်လည်ပြောင်းလဲနိုင်ရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်စောဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်ဖြူဝေဝေအောင် (LL.B)** | **ဒေါ်သိမ့်သန္တာအောင်(LL.B)** | **ဒေါ်ယမင်းဖြူဖြူသိန်း [ (LL.B) (Q)]** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)** | **အထက်တန်းရှေ့နေ (စဉ်-၄၈၂၂၉)** | **အထက်တန်းရှေ့နေ (စဉ်-၅၇၀၅၃)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၇၇၂၉၁၇၇၅၊ ၀၉- ၄၅၄၁၆၃၀၉**

### ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဥယျာဉ်တော်ရပ်ကွက်၊ အကွက်အမှတ်(၆၂၅)၊ ဦးပိုင်အမှတ်(၉၈/၂+၉၉)၊ စစ်ကိုင်း-မြစ်ငယ်လမ်းပေါ်၊ ရေလုံဘုန်းကြီးကျောင်းအနီးရှိ မြေကွက်အား ချထားပေးခြင်းခံရသော ဒေါ်ခင်ဝင်း [၉/မရတ(နိုင်)၀၂၀၄၆၉]က အမှုတွဲအမှတ်(၄၄၇၄/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သူရဦးသောင်းလွင်
### ဒုတိယဝန်ကြီး (ငြိမ်း) ရထားပို့ဆောင်ရေးဝန်ကြီးဌာန
### အသက် (၈၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ Windsor Tower နေ (ဦးမောင်မောင်)+ (ဒေါ်ကြိုင်) တို့၏သားကြီး၊ (ဦးဘိုနီ)+ (ဒေါ်အေးကြည်)တို့၏သားမက်၊ ဒေါက်တာရီရီထွေး၏ခင်ပွန်း၊ ကိုညဏ်လင်းဘို၊ မဇင်မာလွင်တို့၏ဖခင်၊ (ဦးလှအောင်)+ ဒေါက်တာစမ်းစမ်းသွင်တို့၏မောင်၊ ဒေါက်တာအောင်မြတ်သွင် + ဒေါ်အမာတူး၊ ဦးကျော်ဇင် + ဒေါက်တာနွဲ့နွဲ့ဝင်းတို့၏အစ်ကိုသည် (၂၀.၁၂.၂၀၂၅) ရက် (စနေနေ့) ညနေ(၃:၃၀)နာရီတွင် Grand Hanthar ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် (၂၂.၁၂.၂၀၂၅) ရက် (တနင်္လာနေ့) နေ့လယ် (၁၂:၀၀) နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍(၂၆.၁၂.၂၀၂၅)ရက် (သောကြာနေ့) နံနက်တွင် စမ်းချောင်းမြို့နယ်၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

သူရ ဦးသောင်းလွင် ဒုတိယဝန်ကြီး(ငြိမ်း)၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန အသက်(၈၀) နှစ်သည် ရန်ကုန်မြို့တွင် ၂၀-၁၂-၂၀၂၅ (စနေနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူး၊**
**မြန်မာ့မီးရထားနှင့် အရာထမ်း၊ အမှုထမ်းများ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ အကွက်အမှတ်(၅၉၉)၊ ဦးပိုင်အမှတ်(၁၃၈-က)၊ နန်းမတော်လမ်း၊ ဇွန်ပန်းလမ်းနှင့် မောင်းတန်းလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းခင်ခင် [၁၃/မဆတ(နိုင်)၀၃၂၈၁၇]က အမှုတွဲအမှတ်(၄၄၈၀/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၃၀)၊ ဦးပိုင်အမှတ်(၂၅ခဲစင်း)၊ ၈၈လမ်း၊ ၁၈x၁၉လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဒေါ်အေးမိထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၄၇၆/၂၀၁၄)ဖြင့် ဦးမောင်မောင်၊ ဒေါ်ခင်မာကြည်တို့က ဝယ်ယူခဲ့ပြီး ဦးမောင်မောင် (လူပျိုဘဝ)၊ ဦးစိန်ခ၊ ဇနီး ဒေါ်မုံးတို့ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသော သမီး/တူမဖြစ်သူ ဒေါ်ခင်မာကြည် [၉/မနမ (နိုင်) ၁၂၀၆၃၃]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ ခဲစင်းပြ (အမွေဆက်ခံစာချုပ်နှင့် အရောင်းအဝယ်) စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ်(၁၁)၊ ၇၁x၇၂ကြား၊ မင်္ဂလာလမ်းတောင်ဘက်ရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးညွန့်ဝေ ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်သန့်ဇင်ထွေး [၉/မနတ (နိုင်) ၀၁၂၇၄၀]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် ၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၃)၊ ဦးပိုင်အမှတ် (၁၈)၊ ၇၂x၇၃ကြား၊ ၁၁၄x၁၁၅လမ်းကြားရှိ ဦးကျော်ညိမ်း အမည်ပေါက် တောဂရန်မြေကွက်အား ဖခင်ဦးကျော်ညိမ်း၊ မိခင် ဒေါ်ပေါတို့ ကွယ်လွန်၍ ကျန်ရစ်သော သမီးများဖြစ်သည့် ဒေါ်ဝင်းသိင်္ဂီငြိမ်း [၉/မရတ (နိုင်) ၁၃၁၈၄၈]၊ ဒေါ်အေးမြတ်မြတ်ငြိမ်း [၉/မရတ(နိုင်)၁၃၁၈၄၉] တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ မုခ်ဦး ဒါယကာကြီး
## ဦးစိန်တူ(စဉ့်ကူး)
### အသက်(၈၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ခက်သင်ကျေးရွာနေ (ဦးဘကြီး-ဒေါ်ဒေါင်းခင်)တို့၏ သား၊ ဒေါ်မြသီ(အ.ထ.ပြ)(ငြိမ်း)(အ.ထ.က-စဉ့်ကူး)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးမြတ်ငွေး-ဒေါ်ခင်နှင်းနု၊ ဒေါ်သက်သက်ခိုင်၊ ဦးကျော်သူ-ဒေါ်ဇင်မာဦး၊ ဦးစံမင်းထွန်း-ဒေါ်လှိုင်သဇင်၊ ဦးကြည်မင်းဟန်-ဒေါ်မေသဇင်စိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး(၁၀)ယောက်တို့၏ အဘိုးဖြစ်သူ နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ ရွှေနှင်းဆီ(၃)လမ်းနှင့် စန္ဒာလမ်းထောင့်၊ အမှတ်(ဒ-၁၁၅၁၁)၊ “သုခမြိုင်”နေ ဦးစိန်တူ(စဉ့်ကူး)သည် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်) ၂၁-၁၂-၂၀၂၅(တနင်္ဂနွေနေ့) နံနက် ၀၇:၃၀ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား ၂၂-၁၂-၂၀၂၅ရက်(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ (ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၂-၂၀၂၅ ရက်(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါဒက္ခိဏသီရိမြို့၊ “သုခမြိုင်” နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

### ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်စိုး( စိန်ပေါလ်ကျောင်းသားဟောင်း)
### ရှေ့နေ(DBL,DML,DIL,DLTS)၊ B.A (History)
### တိုင်းရင်းဆေးသမားတော်ကြီး(တဆ-၅၁၂၉)
### အသက် (၇၈) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁) ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ အမှတ်(၂၁)နေ ဇေယျကျော်ထင် (ဗိုလ်မှူးကြီးထွန်းတင်) နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) လျှပ်စစ်ဥက္ကဋ္ဌဟောင်း -(ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးတင်အေး) ကံမမြို့-(ဒေါ်တင်ရွှေ)ကံမ/သရက်တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဖ.ဆ.ပ.လရပ်ကွက်၊ တိုက်ဟောင်း(၇)အခန်း(၄)နေ ဒေါ်ခင်ငွေးဝင်း S.A.T (ထ- ၁ ဒဂုံ) ငြိမ်း၏ ချစ်လှစွာသောခင်ပွန်း၊ မခိုင်ခိုင်စိုး၊ မောင်အောင်ဇင်စိုး(Adika) -မအိအိမော်၊ မောင်မင်းမင်းစိုး-မယဉ်ဝင်းစိုးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏ အဘိုး ဦးမြင့်စိုးသည် ၁၉-၁၂-၂၀၂၅ ရက်၊ ည ၁၀:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၂၅ ရက် နံနက် ၁၁:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူအား ရည်စူး၍ ၂၅-၁၂-၂၀၂၅ ရက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် (၁၀)၊ ဦးပိုင်အမှတ် (၅၄+၅၅ )၊ ၆၉x၇၁လမ်းကြား၊ မင်္ဂလာလမ်းတောင်ဘက်ရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်းဦးညွန့်ဝေ ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်သန့်ဇင်ထွေး [၉/မနတ(နိုင်)၀၁၂၇၄၀]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် (၁၃၀)၊ ဦးပိုင်အမှတ် (၂၅ခဲစင်း)၊ ၈၈လမ်း၊ ၁၈x၁၉လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ အစ်မဒေါ်အေးမိ(အပျိုဘဝ) ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသော ညီမဖြစ်သူ ဒေါ်ကြူကြူ [၉/မနမ(နိုင်) ၀၅၁၇၆၁]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ ခဲစင်းပြ (အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်) စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)ရပ်ကွက်၊ နတ်မောက်လမ်း၊ အိမ်အမှတ်(၁၄၄၁)ရှိ မြေရိယာ ပေ၄၀x ပေ၆၀ (၀.၀၅၅)ဧကပေါ်ရှိ (၂)ထပ် တိုက်တစ်လုံးနှင့် ဦးညီညီအောင် [၁၂/မရက(နိုင်)၀၀၃၉၄၂] ကိုင်ဆောင်သူ၏ နှစ်(၆၀)မြေငှားဂရန် အမည်ပေါက်အား သမီးဖြစ်သူ မမြတ်ရွှန်းလဲ့ညီ[၁၂/သဃက(နိုင်)၂၁၇၉၀၉]သို့ မိဘနှစ်ပါးဖြစ်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညီညီအောင်[၁၂/မရက(နိုင်)၀၀၃၉၄၂]နှင့် ဒေါ်အေးအေးသန္တာဝေ [၁၂/သဃက(နိုင်)၀၄၅၁၀၂]ကိုင်ဆောင်သူတို့မှ မေတ္တာဖြင့်ပေးကမ်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကန့်ကွက်စာပါသည့်ရက်မှ (၇) ရက်အတွင်း မူရင်းစာရွက်စာတမ်းများ ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **(၁) ဦးညီညီအောင်** | **ဒေါ်ခိုင်မို့မို့ထွန်း (LL.B)** |
| **(၂) ဒေါ်အေးအေးသန္တာဝေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၃၆)** |
| | **တိုက်(၃၃)၊ အခန်း(၃၀၄)၊ ၁၀လမ်း(စီ)၊** |
| | **ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်။** |
| | **ဖုန်း-၀၉-၄၂၀၁၉၈၈၇၈** |

## ဒေါ်သီသီ
### အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ ဂျိုးဖြူလမ်း၊ အမှတ်(၂၃/၂၅)၊ B-5နေ (ဦးကျော်လင်း+ဒေါ်သောင်းကြည်)တို့၏သမီး၊ (ဦးဟုန်ဖတ်+ ဒေါ်လှသိန်း)တို့၏ သမီးချွေးမ၊ ဦးမောင်မောင်၏ ဇနီး၊ Capt. ဦးရဲအောင်နိုင်+ဒေါ်မြမြင့်မို၊ C/O ဦးကျော်ကျော်ဦး+ ဒေါ်ခိုင်ခိုင်မြင့်၊ Capt. ဦးတင်နိုင်ကျော်+ ဒေါ်ဥမ္မာမြင့်တို့၏မွေးသမိခင်၊ မောင်သူမြတ်နိုင်+မဝင်းသန္တာစိုး၊ မဝင့်သီရိခိုင်၊ မောင်ဟယ်ရီသုတ၊ မောင်ရန်မျိုးအောင်တို့၏ အဘွားသည် ၂၁-၁၂-၂၀၂၅(တနင်္ဂနွေနေ့)တွင် (၈၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၃-၁၂-၂၀၂၅ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၂-၂၀၂၅ (စနေနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါ နေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၅၈) ဦးပိုင်အမှတ် (၆၀+၆၁-က+၆၄-ခ)၊ ၃၃x၃၄ကြား၊ ၈၂x၈၃လမ်းကြားရှိ ဦးချောင်အိုက်ဝူး(ခ) မြင့်လွင် အမည်ပေါက် ဘိုးဘွားမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၆၂၅/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဦးမြင့်ဦး (ခ)ကျီရီ၊ ဦးသူရလွင်(ခ) ဦးမြင့်အောင်၊ ဒေါ်ဝင်းစန္ဒာ(ခ)ဒေါ်လင်းလင်း၊ ဒေါ်သန်းသန်းဦး (ခ)ရင်လင်းတို့ (၄) ဦးအနက် ဦးမြင့်ဦး(ခ)ကျီရီပါ(၃)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၂၉၁၈/၂၀၂၅)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံခဲ့သူ ဒေါ်ဝင်းစန္ဒာ(ခ) ဒေါ်လင်းလင်း [၉/မရမ(နိုင်) ၀၀၁၈၉၈]က အမှုတွဲအမှတ် (၀၄၆၆/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၉)၊ ဦးပိုင်အမှတ်(၄၀/၈၉)၊ ရွှေတိဂုဏ်ဘုန်းကြီးကျောင်းတောင်ဘက်၊ ၈၄လမ်းနှင့် စစ်-မန်းကားလမ်းကြားရှိ ဦးဟာရှင်အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးဟာရှင်၊ မိခင် ဒေါ်သန်းတို့ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသော သမီး ဒေါ်ခင်မိုးဝေ [၇/ရတရ (နိုင်)၂၀၅၈၈၉]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၂၈၈)၊ ဦးပိုင်အမှတ် (၁၁-မ )/၈၇လမ်း၊ ၃၅x၃၆လမ်းကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးမြင့်နိုင်(ခ) ဦးမြင့်ပွန် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်နန်းအုံကြာ [၉/မရမ (နိုင်)၀၁၁၃၁၃]က အမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ အကွက်အမှတ် (၅၇၄)၊ ဦးပိုင်အမှတ်(၅၇-က)၊ ၈၄လမ်း၊ ၃၁x၃၂လမ်းကြားရှိဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်လင်းလင်းမြင့်ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ် (၃၀၄၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဒေါ်စုစုကျော် [၁/ဗမန(နိုင်)၀၀၃၄၄၂]၊ ဒေါ်သက်စုနိုင် [၁/ဗမန(ဧည့်)၀၀၀၂၂၁] တို့က အမှုတွဲအမှတ် (၀၄၆၄/ဘ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ယဉ်တော်ရပ်ကွက်၊ အကွက်အမှတ်(၆၀၈)၊ ဦးပိုင်အမှတ်(၁၆၅)ခဲစင်း၊ ယဉ်တော်ကျေးရွာ၊ ကမ်းနားလမ်းအနောက်ဘက်ရှိ မြေကွက်အား ချထားပေးခြင်းခံရသော Mandalay Business Capital City Development Ltd ၏ (ကိုယ်စား အစည်းအဝေးမှတ်တမ်းအရ) ဦးသန်းထိုက်စံ [၁၂/ခရန(နိုင်)၀၀၁၉၃၈]က အမှုတွဲအမှတ်(၄၄၇၁/၂၀၂၅-၂၀၂၆)ဖြင့် ဂရန်သစ်၊ ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၂)၊ ဦးပိုင်အမှတ်(၄၀-ဆ)၊ ၈၃x၈၄ကြား၊ ၁၇x၁၈လမ်းကြားရှိ ဦးစံလှဘော် (ခ) ဦးကိုရင်၊ ဒေါ်တင်အေးတို့(၂)ဦး ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၈၁၃/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်လှလှ၊ ဦးခင်မောင်သန်း၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်မို့မို့ခင်၊ ဦးနေရောင်ဆန်းကို၊ ဦးပြည်စိုး၊ ဦးနေစန်းသာ၊ ဒေါ်ခင်ဖြိုးဖြိုးသွယ်၊ ဦးလှိုင်မျိုး (ခ) ဝင်းဖြိုးကျော် တို့ (၉)ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၇၂၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးစိုးထွန်းမင်း [၉/မနမ(နိုင်)၀၉၈၈၉၆]က အမှုတွဲအမှတ်(၀၄၆၃/ဘ (ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

❖ **NCA ကို လက်မှတ်ရေးထိုးရခြင်းရဲ့ရည်ရွယ်ချက်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေး၊ ရသင့်ရထိုက်သော တိုင်းရင်းသားများ၏အခွင့်အရေးနှင့် ဒီမိုကရေစီအရေးအတွက်ပဲ ဖြစ်ပါတယ်။ ...**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၄၈၅ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃)နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၄၈၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✣



တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်ခိုအောင်းနေထိုင်သည့် အဆောက်အအုံများ ရှင်းလင်းနေမှုကို တွေ့ရစဉ်။

# အာဆီယံ ယူ-၁၉ နှင့် ယူ-၁၆ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာလူငယ်ဖူဆယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဒီဇင်ဘာ ၂၁

ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ထိုင်းနိုင်ငံ၌ကျင်းပမည့် ၂၀၂၅ အာဆီယံ ယူ-၁၉ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် ၂၀၂၅ အာဆီယံ ယူ-၁၆ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာလူငယ်ဖူဆယ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်မှစတင်ကာ လူငယ်ဖူဆယ်ပြိုင်ပွဲများ စတင်ကျင်းပပြီး ထိုင်းနိုင်ငံက ပြိုင်ပွဲနှစ်ခုစလုံးကို တစ်ပြိုင်နက်တစ်နေရာတည်းတွင် လက်ခံကျင်းပမည်ဖြစ်သည်။ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ကမ္ဘောဒီးယားအသင်း နုတ်ထွက်သွားသဖြင့် ခြောက်သင်းသာကျန်တော့ပြီး အုပ်စု(A)တွင် ထိုင်း၊ ဗီယက်နမ်၊ ဘရူနိုင်း၊ အုပ်စု(B)တွင် အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှားအသင်းတို့ ပါဝင်သည်။

စာမျက်နှာ ၂၇ ကော်လံ ၃ သို့ ✲



# မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင် မောင်မောင်လွင် ရန်ကုန်ယူနိုက်တက်အသင်းသို့ အငှားစာချုပ်ဖြင့် ပြန်လည်ပြောင်းရွှေ့

ရန်ကုန် ဒီဇင်ဘာ ၂၁

ထိုင်းလိဂ်တွင်ကစားနေသည့် မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင် မောင်မောင်လွင်သည် မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်ယူနိုက်တက်အသင်းသို့ အငှားစာချုပ်ဖြင့် ပြန်လည်ပြောင်းရွှေ့ကစားမည်ဖြစ်သည်။

မောင်မောင်လွင်သည် ထိုင်းလိဂ်-၁ ကလပ် လမ်ဖွန်ဝါရီယာအသင်းတွင် ကစားနေသူဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းသို့ ငါးလအငှားစာချုပ်ဖြင့် ပြန်လည်ပြောင်းရွှေ့လာခြင်းဖြစ်သည်။ မောင်မောင်လွင်သည် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၁၉ အသင်းမှ ထွက်ပေါ်လာသူဖြစ်ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ဟံသာဝတီယူနိုက်တက်အသင်းတွင် စတင်ခဲ့ပြီး

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❖




## ယနေ့ ဖတ်စရာ

ဉာဏ်ရည်တုနည်းပညာ သို့မဟုတ် အေအိုင်ဖွံ့ဖြိုးတိုးတက်လာခြင်း(၃)
နည်းပညာနှင့် သုတကမ္ဘာ စာမျက်နှာ » ၂၃

အာဖရိကနိုင်ငံများဖလားပြိုင်ပွဲကို ၂၀၂၈ ခုနှစ်မှ စတင်ကာ လေးနှစ်တစ်ကြိမ် ကျင်းပမည်
စာမျက်နှာ » ၂၅